ကြေးမုံ
*The Mirror Daily*
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday , 3 November 2016 (၈၇၃၄)

**ဘဝကိုတန်ဖိုးရှိအောင်နေထိုင်**

လောက၌ လူအဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည်လည်းကောင်း ခဲယဉ်းလှပါပေ၏။(လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

# အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဂျပန်ယန်းဘီလီယံ ၄၀ ကူညီမည်

# ဂျပန်နိုင်ငံမှ ကူညီမည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအထောက်အပံ့များကို ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမည်

**တိုကျို နိုဝင်ဘာ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ယနေ့ ညနေပိုင်းတွင် တိုကျိုမြို့ရှိ Akasaka State Guest House ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန် ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းစဉ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုပိုမိုလာရောက်ရေး၊ ပြည်သူများအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးအစရှိသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားလူမျိုးများနေထိုင်သည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၅)နှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၄၀ ကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်မှုအတွက် "ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း" "Japan-Myanmar Cooperation Program" ကို မူတည်ပြီး အစိုးရအထောက်အပံ့များဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ အားလုံးပေါင်း၍ (၅)နှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ ပမာဏဖြင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် လုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တိုကျိုမြို့ရှိ Akasaka State Guest House ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (ဓာတ်ပုံ - ပြန်/ဆက်)

# စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးသည့်ကဏ္ဍဖြစ်သည့်အတွက် လယ်ယာကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုအရေးကြီးလာ

# မလိုအပ်သည့် အပိုကုန်ကျမှုများကို အနိမ့်ဆုံးအထိ လျှော့ချပေးနိုင်မည့် ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ အထူးပင်လို

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ မြင့်မားလာရေးအတွက် မြန်မာနိုင်ငံ၏ပထဝီနိုင်ငံရေး အချက်အချာကျမှုကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် အထူးအရေးကြီးကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေ အနေများ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# စီးပွားရေးဆိုင်ရာ မျှော်လင့်ချက်များနှင့် မူဝါဒများ

နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမတွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၂/၂၀၁၆)၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)နှင့် စီးပွားရေးတိုးတက်မှုနှုန်းတို့သည် မူလခန့်မှန်းထားသည်ထက် လျော့နည်းနိုင်သည်ဟု ဝန်ခံအသိအမှတ်ပြုခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို အသိအမှတ်ပြုခဲ့ခြင်းသည် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ထိရောက်မှန်ကန်ရေးအတွက် လိုအပ်သောခြေလှမ်းကို လှမ်းလိုက်ခြင်းဖြစ်ပါသည်။

တိုင်းပြည်စီးပွားတိုးတက်နှုန်း လျော့နည်းသွားရခြင်း၏ အကြောင်းရင်းတို့ကို ဖော်ပြရာ၌ လယ်ယာကဏ္ဍတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းနှင့် စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝှမ်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းမှုကြောင့် ရငွေလျော့နည်းသွားခြင်းတို့သည် ပြည်တွင်းမီဒီယာ၌ ရည်ညွှန်းဖော်ပြမှု နည်းပါးနေသော ကိစ္စရပ်များဖြစ်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ကျိုးကြောင်းပြရှင်းလင်းချက်သည် တိုင်းပြည်၏ စီးပွားရေးအပေါ် သုံးသပ်ရာတွင် ပိုမိုကျယ်ပြန့်သော အမြင်ရှုထောင့်တို့မှ သုံးသပ်ခြင်းကိုဖြစ်စေမည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဟူသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ပြောဆိုချက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းနေကြသော လုပ်ငန်းရှင်များနှင့် ပြည်သူလူထုအတွက် အားတက်စရာသတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားရေး၏ ပင်မကျောရိုးဖြစ်၍ အဆိုပါလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိရေး ဆောင်ရွက်မည်ဟူသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ မိန့်ကြားချက်သည်လည်း တိုင်းပြည်စီးပွားရေးအပေါ် မျှော်လင့်ချက်များကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်မိန့်ကြားသော နိုင်ငံပိုင်လုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးသည်လည်း တိုင်းပြည်က အရေးတကြီးလိုအပ်နေသော လုပ်ငန်းများဖြစ်သည့်အတွက် ကြိုဆိုအပ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြည်သူလူထုအတွင်း တိုင်းပြည်စီးပွားရေးအပေါ် စိုးရိမ်နေမှုကို အသိအမှတ်ပြုပြောကြားခဲ့ခြင်းသည် တိုင်းပြည်၏ ပစ္စုပ္ပန်စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် မှန်မှန်ကန်ကန် သုံးသပ်ထားသည်ကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လမ်းညွှန်ချက်သည် ပြည်သူလူထု မလွဲမသွေခံယူကျင့်သုံးရမည့် ကျင့်ဝတ်များဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်ရေးဟူသော ပြောကြားချက်သည် အကျင့်ပျက် လာဘ်စားမှုတိုက်ဖျက်ရေးအတွက် ထိရောက်ကောင်းမွန်သော လက်နက်တစ်ရပ်ကို ထပ်မံမိုးမောင်းထိုး ပြသလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေကို မထိခိုက်စေရန် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို နည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်ရေးဟူသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လမ်းညွှန်ချက်သည် ကမ္ဘာ့စီးပွားရေးဖြစ်ရပ်များမှ ညွှန်ပြနေသော သင်ခန်းစာများဖြစ်၍ အလေးအနက်ထား ကြိုဆိုပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲစာရင်းများပြုစုရာတွင် စာရင်းဇယားမှန်ကန်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း



**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့်ဌာနဖြစ်သည်နှင့် အညီ ပြည်သူကိုဗဟိုပြု၍ ပြည်သူ့ဆန္ဒကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာန၏ လုပ်ငန်းသဘာဝအရ ပြည်သူများအနေဖြင့် မွေးဖွားသည်မှ သေဆုံးသည်အထိ ဌာနနှင့် ဆက်ဆံထိတွေ့ဆောင်ရွက်ကြရကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ထို့အပြင် နိုင်ငံတကာ ဝင်/ထွက်သွား လာမှုများကိုလည်း မိမိတို့ဌာနမှ စိစစ်ဆောင်ရွက်ရသဖြင့် လုပ်ငန်းတိုင်းသည် အလေးဂရုပြု ဆောင်ရွက်ရသကဲ့သို့ ယင်းလုပ်ငန်းများကို ထမ်းဆောင် နေရသည့် ဝန်ထမ်းများသည်လည်း မိမိလုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန်လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်း တည်ဆဲနိုင်ငံသားဥပဒေအရ ရသင့်သူကို ၎င်းနှင့်ကိုက်ညီသည့် ကတ်ပြားတစ်မျိုးမျိုး လွယ်ကူစွာ စိစစ်ထုတ်ပေးရန် လိုအပ်သကဲ့သို့ မရသင့်သည့် သူအတွက် မထုတ်ပေးမိရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့်အတွက်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက ပြောကြားသည်။

ဆက်လက်၍ ယင်းသို့ ဆောင်ရွက်ရသော်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်ထက် စိစစ်မှု ကြန့်ကြာနေပါက မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်လာကြောင်း၊ ဥပဒေအရ အချက်အလက် အထောက်အထား ခိုင်လုံစွာတင်ပြလာပါက မြန်မြန်ဆန်ဆန် စိစစ်ဆောင်ရွက်ပေးရန် တာဝန်ရှိပြီး အဆင့်ဆင့်တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်သူများက အားကိုးယုံကြည်သည့် ဝန်ထမ်းများအဖြစ် ဂုဏ်ယူကြရမည်ဖြစ်ကြောင်းဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံစဉ် ထိုကဲ့သို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲစာရင်းများ ပြုစုရာတွင် ဌာနဝန်ထမ်းများအနေဖြင့် စာရင်းဇယားများ မှန်ကန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လစ်လပ်မြို့နယ်များမှ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ စိစစ်သည့်လုပ်ငန်းကိုလည်း စနစ်တကျ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားသည် ပြည်သူများအတွက် အလွန်အရေးပါပြီး အရေးကြီးသည့် အထောက်အထားဖြစ်၍ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန်ထုတ်ပေးရန် တာဝန်ရှိပါကြောင်း၊ အမှုတွဲလက်ကျန်များ အမြန်ပြီးပြတ်စေရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်ကြရန်နှင့် မလိုလားအပ်ဘဲ ကြန့်ကြာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ မရှိစေရေးအတွက် စနစ်တကျ အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လက်အောက်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် နည်းပေးလမ်းပြပြုကြရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များအား အချိန်မီတင်ပြ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းနှင့် ခရိုင်၊ မြို့နယ် ဦးစီးမှူးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာန ကောင်းမြတ်သော အစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်ရင်း ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သမအသင်းသားများသို့ ပံ့ပိုးချေးငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂**

သမဝါယမ ဝန်ကြီးဌာနသည် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေပေးအပ်ပွဲကို ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း(မွေးမြူရေးလုပ်ငန်းခွဲ)တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ချေးငွေထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်၊ နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က မျိုးကောင်းမျိုးသန့်ရွေးချယ် မွေးမြူရေးနှင့် ရောဂါကာကွယ်ရေးနှင့် စနစ်တကျမွေးမြူရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်တံ့ရောင် သမဝါယမအသင်းကိုယ်စား နေပြည်တော် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မွေးမြူရေးလုပ်ကိုင်သူ ၁၅၀ တို့အား ချေးငွေကျပ် သိန်း ၁၅၀ ထုတ်ချေးပေးခဲ့သည်။

**(၅၈၆)**

# ရေဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

စက်ဘီးအားကစားနည်းကို ပြည်သူတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၆နာရီက ပုသိမ်မြို့၌ ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၄၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများပေးအပ်ရာ အမျိုးသားပြိုင်ပွဲတွင် ပထမ မောင်တင်ကိုဝင်း (ပုသိမ်)၊ ဒုတိယ မောင်မျိုးကျော်ကျော် (ပုသိမ်)၊ တတိယ မောင်ထက်အောင်လင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ နှင်းသက်ဝေ (ပုသိမ်)၊ ဒုတိယ မဝေဝေထွန်း (ပုသိမ်)နှင့် တတိယ မမျိုးဇာလွင် (လပွတ္တာ)တို့က ရရှိပြီး တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ပြည်တွင်းရေးရာ

**စားနပ်ရိက္ခာမှ**

ဆက်လက်၍ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် ကုန်သွယ်မှုအချိုး၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ကုန်သွယ်မှုအပေါ်မှီခိုမှု (Trade Dependency)သည် ၃၀ ရာခိုင်နှုန်းခန့်အထိ ရှိနေကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန်ရည်ရွယ်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင်များကိုချမှတ်ထားပါကြောင်း၊ ယင်းပန်းတိုင်များထဲတွင် လူတိုင်းအတွက်သင့်တော်သည့် အလုပ်အကိုင်ရရှိစေပြီး အားလုံးပါဝင် ရေရှည်တည်တံ့မည့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရေး၊ ရေရှည်တည်တံ့သည့် စားသုံးမှု၊ ထုတ်လုပ်မှုပုံစံများ အခိုင်အမာ ပေါ်ပေါက်လာရေးဆိုသည့် ပန်းတိုင်နှစ်ရပ် ပါဝင်ပါကြောင်း၊ ယင်းကိစ္စများ ပြည့်ဝရန်အတွက် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများသည် အဓိကကျနေပြီး ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့စီးပွားရေးနှင့် မည်မျှအထိ လျင်လျင်မြန်မြန် ပေါင်းစည်းနိုင်မည်ဆိုသည့် အချက်အပေါ်တွင် မူတည်နေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ (Diagnostic Trade Integration Study - DTIS)ကို ပြုစုခဲ့ပါကြောင်း၊ ဆက်လက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်DTIS အစီရင်ခံစာပါ Actions Matrix များ အပါအဝင် အခြားဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ပြုစုထားသည့် အစီရင်ခံစာပါ Actions Matrix များစုပေါင်း၍ Medium Term Plan ရေးဆွဲပြုစု ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ကမ္ဘာ့ ဘဏ်က ၂ ဒသမ ၉ ရာခိုင်နှုန်း ကနဦးခန့်မှန်းထားခဲ့ရာမှ ယခုနောက်ဆုံး ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးနှေးကွေးလာခြင်း၊ ကုန်စည်ဈေးနှုန်းများ ကျဆင်းလာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအားပျော့လာခြင်း၊ အရင်းအနှီး စီးဆင်းမှုနှေးကွေးသွားခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ပါကြောင်း၊ ထွန်းသစ်စဈေးကွက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်တင်ပို့မှုများသည်လည်း အဓိကကုန်စည်များနှင့် ရေနံဈေးနှုန်းကျဆင်းလာမှုကြောင့် ရုန်းကန်နေရသည့် အနေအထားသို့ ရောက်ရှိခဲ့ရပါကြောင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင် စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးများသည်လည်း နှေးကွေးလာပါကြောင်း၊ ယခုအချိန်တွင် မိမိတို့မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့်ပေါင်းစည်းမှု အလျင်အမြန် မြင့်မားလာရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ရန် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် မူဝါဒ(၁၂)ချက်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူဝါဒများ ချမှတ်သည့်အခါ ရေရှည်ကာလအတွက်ပါ စဉ်းစားဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အားထားနေရသည့်အတွက် စီးပွားရေးမူဝါဒတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခေတ်မီအောင် ဆောင်ရွက်ရန်ဆိုသည့်အချက် ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် လယ်ယာကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် မလွဲမသွေ ပိုမိုအရေးကြီးလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုအခြေအနေသည် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ကုန်သွယ်မှုအခြေအနေကောင်းမွန်ရန် ကုန်သွယ်ရေးမူဘောင်နှင့် အင်စတီကျူးရှင်းများ၊ အခြေခံအဆောက်အအုံနှင့် ကုန်သွယ်ရေးကော်ရစ်ဒါကြီးများ၊ ကုန်စည်ဆိုင်ရာ အရည်အသွေးနှင့် စံချိန်စံညွှန်းသတ်မှတ်မှုများ၊ မလိုအပ်သည့် အပိုကုန်ကျမှုများကို အနိမ့်ဆုံးအထိ လျှော့ချပေးနိုင်မည့် ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အထူးပင်လိုအပ်ပါကြောင်း၊ ကုန်သွယ်မှုလိုငွေပြခြင်းသည် ပို့ကုန်မြှင့်တင်ရေးကို တွန်းအားပေး လုပ်ဆောင်ကြရမည်ဆိုသည်ကို သတိပေးနေခြင်းပင်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလိုငွေပြနေခြင်းသည် ပြည်တွင်း၌ ငွေကြေးဖောင်းပွမှု မြင့်တက်မှုကို တစ်ဖက်တစ်လမ်းက သက်ရောက်မှုရှိသကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးတန်ဖိုးကို ကြီးကြီးမားမား ထိခိုက်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်အတူ ပို့ကုန်မြှင့်တင်ရေးကိုပါ အလေးပေးဆောင်ရွက်သွားနိုင်ရန် ထည့်သွင်းစဉ်းစားဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးမူဝါဒတွင် ဖော်ပြထားသည့်အချက်များကို ကြည့်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကျသောအချက်များကို ဆောင်ရွက်နိုင်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများရရှိရေးနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခြေခံအဆောက်အအုံများ မြန်ဆန်စွာတိုးတက်လာရေးအတွက် လိုအပ်သည့်အချက်များကို ဦးစားပေးဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး စသည့်အချက်များကို အဓိကထားဖော်ဆောင်ခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကုန်သွယ်မှုနှင့်ဆက်စပ်သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ယှဉ်ပြိုင်မှုမူဝါဒဥပဒေများကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ပို့ကုန်သွင်းကုန်ဥပဒေများသည် တိုးတက်လာသည့် ကုန်သွယ်မှုပုံစံများ၊ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှု အားနည်းသည့်အပြင် ဝန်ကြီးဌာနအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ခြုံငုံမှုမရှိသည့်အတွက် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Abdoulaye Seck က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hiltion ဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံလေ့လာမှုအဆင့်နှင့်ပတ်သက်သည့် အဓိကအချက်များ၊ Medium Term Program နှင့် DTIS and Medium Term Program တို့နှင့်ပတ်သက်သည့် အဓိကအချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



## နယ်ပယ်စုံတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Gen.Xu Qiliang နှင့် ယမန်နေ့ ညပိုင်းတွင် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသရှိပြည်သူလူထု လူနေမှုဘဝမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များနှင့် အဆင့်အလိုက် အပြန်အလှန်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရေး၊ လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်ပယ်စုံတွင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ယင်းနောက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

## မြန်မာနှင့် အင်ဒိုနီးရှား နိုဝင်ဘာ ၄ ရက်တွင် ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၂**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် နိုဝင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်အပြီးတွင် ကစားသမားအချို့ အပြောင်းအလဲလုပ်ခဲ့ပြီး လက်ရှိတွင် ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ အသင်းအခြေအနေကို သုံးသပ်နိုင်ရန်အတွက် ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် နိုဝင်ဘာ ၁၄ ရက်တွင် အိုမန်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ပြိုင်ပွဲယှဉ်ပြိုင်မည့် အပြီးသတ် ၂၃ ဦးကို ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ဥရောပနိုင်ငံများတွင် တစ်လကျော် အချိန်ယူပြင်ဆင်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကိုးပွဲ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲ တစ်ပွဲယှဉ်ပြိုင်ကစားခဲ့ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယနေရာသာရခဲ့သည်။

မြန်မာအသင်းနှင့်ခြေစမ်းမည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ယခုနှစ်လယ်ပိုင်းကမှ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံထားရခြင်းမှ လွတ်မြောက်လာခြင်းဖြစ်ပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဆူဇူကီးဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲမတိုင်မီကစားထားသည့် ခြေစမ်းပွဲတွင် မလေးရှားကို သုံးဂိုးပြတ်အနိုင်ရပြီး ဗီယက်နမ်အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဗီယက်နမ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းကို ဩစတြီးယားနိုင်ငံသား အယ်လ်ဖရက်ဒ်ကကိုင်တွယ်နေပြီး ၎င်းသည် အာဆီယံဘောလုံးလောကနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ကာ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ကို အကြိမ်ကြိမ်ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး နည်းပြအဖွဲ့ဝင် ၁၂ ဦး၊ ကစားသမား ၂၆ ဦးလိုက်ပါလာသည်။ ယင်းခြေစမ်းပွဲကို ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထားကာ နိုဝင်ဘာ ၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

# နယူးဒေလီတွင် တိုက်ခန်းတွဲနေအိမ် အဆောက်အအုံ မီးလောင် သုံးဦးသေ၊ ၁၀ ဦးထိခိုက်ဒဏ်ရာရ



**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် နိုဝင်ဘာ ၂ရက်က လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ သုံးဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အထက်တန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

နိုဝင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီဝန်းကျင်တွင် ဇာဒါရာရပ်ကွက် မိုဟမ်ပန်းခြံဧရိယာရှိ တိုက်ခန်းတွဲနေအိမ် အဆောက်အအုံတစ်လုံး၏ ယာဉ်ရပ်နားရာနေရာ၌ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းနေရာမှာ လျှပ်စစ်ဓာတ်အားပေးသုံး ဆိုက်ကားများရပ်နားရာနေရာဖြစ်ကြောင်း၊ မီးမှာ လေးထပ်အမြင့်ရှိ အဆောက်အအုံ၏အထက်သို့ လျင်မြန်စွာ မီးကူးစက်ပျံ့နှံ့သွားကြောင်း အမည်မဖော်လိုသူ ရဲအရာရှိက ပြောကြားသည်။

မီးလောင်မှုကြောင့် လူသုံးဦး သေဆုံးပြီး ဒဏ်ရာရရှိသူများကို ဒေသဆိုင်ရာ ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများအနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် အဆောက်အအုံအတွင်း လူအများအိပ်မောကျနေချိန်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မီးသတ်သမားများသည် အဆောက်အအုံအား လောင်ကျွမ်းနေသည့် မီးကို နှစ်နာရီကြာငြိမ်းသတ်ပြီးနောက် မီးကိုထိန်းချုပ်နိုင်ခဲ့သည်။

ဝိုင်ယာရှော့ဖြစ်ပွားမှုကြောင့် မီးလောင်ရသည်ဟု သံသယမကင်းရှိရပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းအဆောက်အအုံ၌ မီးဘေးအန္တရာယ်လုံခြုံရေးစနစ် တပ်ဆင်ထားရှိခြင်း ရှိ မရှိ မီးသတ်ဌာနက စစ်ဆေးသွားမည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# မိုဆူးလ်ရှိ နိုင်ငံပိုင် ရုပ်သံဌာနအဆောက်အအုံကို အီရတ်လုံခြုံရေးတပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်



**ဘဂ္ဂဒက် နိုဝင်ဘာ ၂**

အီရတ်နိုင်ငံ မိုဆူးလ်မြို့ရှိ အရှေ့ပိုင်းအရပ်ဒေသကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းယူနိုင်ခဲ့ပြီးနောက် နိုင်ငံပိုင် ရုပ်မြင်သံကြားဌာန အဆောက်အအုံကို ထိန်းချုပ်ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) အဖွဲ့၏ အဓိကခြေကုပ်စခန်းတည်ရာ မိုဆူးလ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့သစ်များက ထိုးစစ်ဆင်နွှဲခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ကျော်အကြာတွင် စစ်ရေးအရ အောင်ပွဲရရှိခြင်း ဖြစ်သည်။

အီရတ်အကြမ်းဖက်မှု တိုက်ဖျက်ရေးတပ်ဖွဲ့များသည် နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့၏ ကျောထောက်နောက်ခံပြုမှုနှင့် အီရတ်တပ်ဖွဲ့၏ လေကြောင်းပစ်ကူပေးမှုဖြင့် စစ်ဆင်ရေး ဆင်နွှဲလျက်ရှိသည်။

**ဆင်ဟွာ။**

# တောင်ကိုရီးယား၌ ဝန်ကြီးချုပ်သစ်ခန့်အပ်ရေး သမ္မတရုံးက အမည်စာရင်းတင်သွင်း

**ဆိုးလ် နိုဝင်ဘာ ၂**

တောင်ကိုရီးယားသမ္မတရုံးသည် ဝန်ကြီးချုပ်သစ်နှင့် ဘဏ္ဍာရေးဝန်ကြီးသစ်တို့ကို ခန့်အပ်နိုင်ရေးအတွက် နိုဝင်ဘာ ၂ ရက်တွင် အမည်စာရင်းတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။



သမ္မတ ပတ်ကွမ်ဟေးသည် နိုင်ငံတော်မိန့်ခွန်းများ၏ မူကြမ်းစာလွှာစာတမ်းများကို မိတ်ဆွေတစ်ဦးထံ ပေါက်ကြားစေခဲ့မှုကြောင့် အရှုပ်အထွေးများ ဖြစ်ပေါ်နေချိန်တွင် အစိုးရအဖွဲ့အတွင်း ရာထူးနေရာများကို အပြောင်းအလဲပြုလုပ်ခြင်းဖြစ်သည်။

သို့ရာတွင် အစိုးရအဖွဲ့အတွင်း ရာထူးနေရာအပြောင်းအလဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ အတိုက်အခံပါတီများက ရှုတ်ချပြောဆိုခဲ့ကြသည်။ သမ္မတပတ်သည် ၎င်းရင်ဆိုင်တွေ့ကြုံနေရသည့် နိုင်ငံရေးအရှုပ်တော်ပုံကို အာရုံပြောင်းနိုင်စေရန် ကြိုးပမ်းနေခြင်းသာ ဖြစ်သည်ဟု အတိုက်အခံများက ဝေဖန်လျက်ရှိကြသည်။

တောင်ကိုရီးယားအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ရာထူးနေရာအတွက် ဘဏ္ဍာရေးလုပ်ငန်းများဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ ယင်ဂျောင်ယန်းအား အမည်စာရင်းတင်သွင်းလိုက်ပြီး ယခင် သမ္မတနိုမူဟွန်း အစိုးရလက်ထက်တွင် သမ္မတရုံး အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ကင်ဗြောင်ဂျူးအား ဝန်ကြီးချုပ် ရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းလိုက်ကြောင်း သမ္မတရုံးက ထုတ်ပြန်ကြေညာသည်။

ဝန်ကြီးချုပ်ရာထူး ခန့်အပ်နိုင်ရေးအတွက် ပါလီမန်၏ အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပင်လယ်ဝါအတွင်း တောင်ကိုရီးယားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က တရုတ်ငါးဖမ်းသင်္ဘောများကို စက်သေနတ်ပစ်ခတ်ကာ သတိပေး

**ဆိုးလ် နိုဝင်ဘာ ၂**

တောင်ကိုရီးယားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပင်လယ်ဝါအတွင်း တရားမဝင် တရုတ်ငါးဖမ်းသင်္ဘောများကို ဖမ်းဆီးရန်ကြိုးပမ်းစဉ် အခြားသောငါးဖမ်းသင်္ဘောများ အနီးနားသို့ ဝန်းရံရောက်ရှိလာခဲ့သည့်အတွက် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်သတိပေးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် အင်ချွန်မြို့၏ ကမ်းလွန်ပင်လယ်ပြင်၌ အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ဆိုသည်။

၎င်းကမ်းရိုးတန်းစောင့်တပ်ဖွဲ့သင်္ဘောက တရုတ်တရားမဝင်ငါးဖမ်းသင်္ဘောနှစ်စင်းကို ဖမ်းစီးကာ ကြိုးဖြင့်ဆွဲသွားစဉ် တရုတ်ငါးဖမ်းသင်္ဘော အစင်း ၃၀ ခန့်က ဝန်းရံပိတ်ဆို့ထားသဖြင့် သင်္ဘောပေါ်တပ်ဆင်ထားသည့် စက်သေနတ်ကို မိုးပေါ်ထောင်ပြီး အချက်ပေးသေနတ်ပစ်ခတ်ခဲ့ရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ဆိုသည်။ တရုတ်ငါးဖမ်းသင်္ဘောများ၏ ဦးတည်ရာလမ်းကြောင်းများကိုလည်း အချက်ပေးသည့်အနေဖြင့် သေနတ်ပစ်ခတ်ခဲ့သည်။ အချက်ပေးသေနတ်ပစ်ခတ်ခဲ့ရာ ကျည်ဆန်ပေါင်း ၆၀၀ ခန့်ရှိခဲ့သော်လည်း မည်သည့် တရုတ်သင်္ဘောသားတစ်ဦးကိုမျှ ထိခိုက်နာကျင်မှုမရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောတစ်လအကြာက တရုတ်ငါးဖမ်းသင်္ဘောတစ်စင်းသည် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့၏ သင်္ဘောတစ်စင်းကို အရှိန်ဖြင့်ဝင်ရောက်တိုက်ခဲ့ရာ နစ်မြုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားအာဏာပိုင်များက ပင်လယ်ပြင်အတွင်း စက်သေနတ်များအသုံးပြုမှုကို လျှော့ချပစ်ရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။



တောင်ကိုရီးယား ကမ်းရိုးတန်းစောင့်တပ်ဖွဲ့များက တရုတ်ငါးဖမ်းသင်္ဘောများကို ယခုကဲ့သို့ စက်သေနတ်ပစ်ခတ်ကာ သတိပေးမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အဆိုပါဖြစ်စဉ်သည် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယင်းရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းမှုများကို တားမြစ်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

◆

# အရည်အသွေးကောင်း မြန်မာ့ဆန်နှင့် မျိုးစပါးများဝယ်ယူရန် ဘရူနိုင်းနိုင်ငံမှ ကမ်းလှမ်း



**နေပြည်တော် နိုဝင်ဘာ ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံများနှင့် အပေါင်း(၃) နိုင်ငံတို့မှ ဝန်ကြီးများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၃၈)ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်အတွင်း ဆွေးနွေးခဲ့ကြရာ ဘရူနိုင်းနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Ali Apong က ဘရူနိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် များစွာ နှစ်သက်အားရမိပါကြောင်း၊ မြန်မာနိုင်ငံမှ မျိုးစပါးများနှင့် အရည်အသွေးကောင်းဆန်များကို ဝယ်ယူလိုပါကြောင်း၊ အရည်အသွေးကောင်း စပ်မျိုးစပါး မျိုးပွားထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှေ့ပြေးလေ့လာဆောင်ရွက်ရန်နှင့် တရားဝင်အဆိုပြုလွှာ သဘောတူလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန် နိုဝင်ဘာလနောက်ဆုံးပတ်တွင် မြန်မာနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့ လာရောက်ရန် စီစဉ်လျက်ရှိပြီး အမြန်ဆုံး ဆောင်ရွက်လိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို နိုင်ငံတကာမှ အထူးစိတ်ဝင်စားပြီး ယခုလို ဝယ်ယူလိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကွက်တောင်းဆိုမှုရှိသော စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ကြရန် ဆောင်ရွက်လျက်ရှိသည့်နည်းတူ GAP စိုက်ပျိုးနည်းစနစ်အပါအဝင် သွင်းအားစု သုံးစွဲမှုပိုင်းဆိုင်ရာ နည်းပညာလိုအပ်ချက်များကို ကျွမ်းကျင်သူများနှင့် အနီးကပ်ဆွေးနွေးလေ့လာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းမီ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆန်တင်းပေါင်း ၁၃ ဒသမ ၅၁ သန်း ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံခဲ့ပြီး ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၄၉၃၂ သန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မြန်မာ့ဆန်များ ပြည်ပသို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး မျှော်မှန်း ဆောင်ရွက်လျက်ရှိရာ အစိုးရပိုင်းကသာမက ပညာရှင်များအပိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်း၊ တောင်သူလယ်သမားများအပိုင်းတို့မှ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံအတွင်း ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံဆောင်ရွက်ထားရှိမှုများကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**
၂၀၁၇ ခုနှစ် ဧပြီလတွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ စောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစ၍ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၁၀၀၀၀ ကျော်နှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို ပြီးခဲ့သည့် အောက်တိုဘာ ၁၁ ရက်တွင်လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် လျာထားလုပ်ငန်းစဉ် အချိန်စာရင်းကို ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၆) ဖြင့်လည်းကောင်း၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၆)ဖြင့်လည်းကောင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ official website ဖြစ်သည့် http://uecmyanmar.org/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် Download ရယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသူစာရင်း တစ်အိမ်တက် တစ်အိမ်ဆင်း စနစ်ဖြင့် ကောက်ခံပြုစု

**ရန်ကုန် နိုဝင်ဘာ ၂**
၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အားလုံးတွင် မဲပေးပိုင်ခွင့်ရှိသူစာရင်းပြုစုမှုကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ တစ်အိမ်တက် တစ်အိမ်ဆင်း စနစ်ဖြင့် ကောက်ခံပြုစုလျက်ရှိကြောင်း သိရသည်။

"မဲစာရင်းကတော့ ကျွန်တော်တို့ ပြန်စိစစ်နေပါတယ်။ ဒီမဲစာရင်းတွေကိုစိစစ်ပြီးလို့ရှိရင် သက်ဆိုင်ရာမြို့နယ်တွေမှာ ကပ်ပြီးတော့ ကြေညာမယ်။ အဲဒီမှာမှ ပြည်သူတွေက မဲစာရင်းတွေကို ထပ်မံစိစစ်ပါ။ လိုအပ်လို့ရှိရင် ထပ်ဖြည့်၊ ပြင်ဆင်မယ်။ ကြားဖြတ်ရွေးကောက်ပွဲနီးတဲ့အချိန်ကျရင်လည်း နောက်ဆုံးအကြိမ် မဲစာရင်းတွေကိုကပ်ပြီးတော့ လုပ်သွားဦးမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပြောသည်။

လာမည့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်၌ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းကောက်ယူမှုကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ လုပ်ဆောင်နေပြီး ကောက်ယူမှုအခြေအနေပေါ်မူတည်၍ ၁၄ ရက်မှ တစ်လအတွင်း စိစစ်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ကောက်ယူရာတွင် ၂၀၁၅ မဲစာရင်းကိုအခြေခံကာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ မဲဆန္ဒရှင်စာရင်း ပြောင်းရွှေ့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး စိစစ်ပြီးသည့် မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ အခုလောလောဆယ် မဲစာရင်းတွေကို တစ်အိမ်တက် တစ်အိမ်ဆင်းပုံစံနဲ့ ကောက်နေကြပါပြီ။ ဒီနေ့တော့ အမှားအယွင်းမရှိအောင် သေချာစိစစ်ပြီး လုပ်နေရတော့ မဲစာရင်းကောက်မှုတွေကတော့ နည်းပါသေးတယ်။ မနက်ဖြန်ကျရင် မဲစာရင်းတွေ တော်တော်များများပြီးမယ်လို့ ထင်ပါတယ်။ မဲစာရင်းကောက်တာကတော့ မြို့နယ်ကော်မရှင်က ပို့ထားတဲ့ မဲစာရင်းပုံစံအတိုင်း ၂၀၁၅ မဲစာရင်းကို အခြေခံပြီး ကောက်နေတာပါ။ မဲစာရင်းပြင်ဆင်မယ်ဆိုရင် ပြင်ဆင်မယ်။ တိုးမယ်ဆိုရင် တိုးမယ်။ ပြောင်းရွှေ့မှုတွေကိုလည်း မဲစာရင်းနဲ့တိုက် စိစစ်တယ်"ဟု လှိုင်မြို့နယ် (၁၁) ရပ်ကွက်ရှိ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမာတင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လစ်လပ်မဲဆန္ဒနယ်မြေအဖြစ် ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာနှင့် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးနေရာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် လစ်လပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၄ မြို့နယ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ကိုးနေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် သုံးနေရာ၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ခုနစ်နေရာရှိကြောင်း အောက်တိုဘာ ၂၇ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

**(ခင်ဇာလီ)**

### ❂ အင်းသားအမျိုးသားနေ့မှ

ထို့အပြင် တစ်စင်းတွင် လူအင်အား ၁၀၀ ကျော်ဖြင့် လှော်ခတ်ရသည့် အင်းသား ရိုးရာတွဲလှေအစင်းပေါင်း ၄၀ ဖြင့် အလှပြသရပ်ဖော်လှော်ခတ်ခဲ့ပြီး အင်းတိုင်းရင်းသား တိုင်းရင်းသူပေါင်း ၁၀၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာရက်စွဲဖြစ်သော တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကို အင်းသားများ ဆုံစည်းရာနေ့အဖြစ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ပထမအကြိမ် အင်းသားအမျိုးသားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ရောက်တိုင်း အင်းသားအမျိုးသားနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ မပျက်မကွက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-မောင်သိန်း(ဒသနိက)**



အင်းအမျိုးသားနေ့အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။

## မြန်မာ-ကိုရီးယား ရင်းနှီးမြှုပ်နှံမှုငွေရေးကြေးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကိုးရီးယားနိုင်ငံမှ Financial Supervisory Service of Korea ဥက္ကဋ္ဌ Mr. ZinWoong-Seob၊ Shin Han Bank ဥက္ကဋ္ဌ Mr.Cho Yong-Byoung နှင့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ဘဏ်လုပ်ငန်းကဏ္ဍများ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် Shin Han Bank ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုနိုင်ရေး၊ ထို့ပြင် မိမိတို့၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှု တစ်ခုတည်းသာမဟုတ်ဘဲ အခြား စီးပွားရေးကဏ္ဍများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ နှစ်နိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှုများ၊ ကုန်သွယ်မှုဆိုင်ရာဆောင်ရွက်မှုများ၊ အာရှဒေသတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ အာရှငွေကြေးကဏ္ဍတွင် အောင်မြင်မှုရှိနိုင်စေရန်များ စသည့် ကဏ္ဍအသီးသီး၌ပါဝင်၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုလို လာရောက်ရင်းနှီးမြှုပ်နှံသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုရီးယားနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို အလေးထား၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပလက်ဖောင်းဈေးသည်ပြဿနာကို ဤကဲ့သို့ စဉ်းစားပေးပါ

## စောနိုင်(အသုံးချဘောဂဗေဒ)

ပလက်ဖောင်းဈေးသည်များကို မြို့ကြီးပြကြီးများတွင် တွေ့ရသည်။ အများအားဖြင့် ရန်ကုန်၊ မန္တလေးမြို့များတွင်လည်းကောင်း၊ ယခုအခါတွင် နေပြည်တော် လူစည်ကားရာ နေရာများတွင်လည်းကောင်း (တစ်ခါတစ်ရံမဟုတ်) အချိန်မှန်အမြဲတမ်း ရှိနေတတ်သည်။ မြန်မာနိုင်ငံအတွင်းမှာသာမဟုတ် မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် အာရှဒေသတွင်းဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် လည်းကောင်း ပလက်ဖောင်းဈေးသည်များကို တွေ့မြင်နိုင်သည်။ ထိုဈေးသည်များနှင့်ပတ်သက်၍ အင်ဖော်မယ်လ်ကဏ္ဍတွင် ကျင်လည်နေသည်ဟုသဘောထား၍လည်းကောင်း၊ တရားမဝင်စည်းကမ်းမဲ့ ရောင်းဝယ်သည်ဟူ၍ လည်းကောင်း၊ လမ်းသွားလမ်းလာခရီးသွားများနှင့် မော်တော်ယာဉ်များအတွက် လမ်းပိတ်ဆို့မှုဖြစ်စေသည်ဟူ၍ လည်းကောင်း အမျိုးမျိုးသော အနှောင့်အယှက် အခက်အခဲဖြစ်စေသည်ဆိုကာ အချို့သော နိုင်ငံများတွင် ပြဿနာအဖြစ် ရှုမြင်မှုများရှိကြသည်။ နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားနေကြသည်။ သို့သော် စဉ်းစားစရာကား သက်ဆိုင်ရာတာဝန်ရှိသူများက ဆိုးကျိုးများ ဖော်ပြနေကြသော်လည်း အဘယ်ကြောင့် ဆက်လက်ရှိနေကြသနည်း၊ အဘယ်ကြောင့် ပို၍တိုးပွားလာကြသနည်းဆိုသည့် မေးခွန်းကိုလည်း မေးမြန်းရန်လိုလာသည်။

ဈေးသည်(ဈေးရောင်းသူ)ဆိုသည်ကား တစ်ဖက်တည်းနှင့် အလုပ်လုပ်၍မရ။ ဝယ်သူရှိမှ အလုပ်ဖြစ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ လမ်းဘေးပလက်ဖောင်းဈေးသည်များ (တားဆီးပိတ်ပင်နေသည့်တိုင်) ဆက်လက်ရောင်းချနေကြဆဲ၊ ဆက်လက်တိုးပွားများပြားလာဆဲဖြစ်နေသည်မှာ ဝယ်ယူအားပေးသူရှိ၍သာဖြစ်သည်ဟု တစ်ထစ်ချကောက်ချက်ချရမည်သာ ဖြစ်သည်။ ရောင်းသူနှင့်ဝယ်သူတို့ တွေ့ဆုံအလုပ်ဖြစ်သောနေရာသည် ဈေး သို့မဟုတ် ဈေးကွက် ဖြစ်သည်။ လွတ်လပ်စွာ ရောင်းနိုင်၊ ဝယ်နိုင်သည်။ သို့သော် သက်ဆိုင်ရာမြို့၊ ဒေသရှိ အဖွဲ့အစည်းများ၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်လိုသည်။ ထိုအခြေအနေမျိုးတွင် တစ်ဝမ်းတစ်ခါးအတွက် ရိုးသားစွာ ဈေးရောင်းစားနေသည့် ပလက်ဖောင်းဈေးသည်များနှင့် မိမိတို့၏ တာဝန်ဝတ္တရားအတိုင်း စီမံဆောင်ရွက်နေရသည့် သက်ဆိုင်ရာ အာဏာပိုင်တို့ကြား နှစ်ဖက်အလုပ်ဖြစ်မည့်နည်းလမ်း ရှာဖွေသင့်သည်။ မြန်မာနိုင်ငံကဲ့သို့ပင် လမ်းဘေးပလက်ဖောင်းဈေးသည် အများအပြားရှိသည့်နိုင်ငံများ အာရှဒေသတွင် အများအပြားရှိသည်။ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများသည် လမ်းဘေးပလက်ဖောင်းဈေးသည်များကို စနစ်တကျခွင့်ပြု၍ ကြပ်မတ်ထိန်းကျောင်းသော နိုင်ငံများထဲတွင် ပါဝင်သည်။

မြို့ပြပလက်ဖောင်းများပေါ်ရှိ ဈေးသည်များ၊ အရောင်းသမားများသည် အလုပ်အကိုင် ရှားပါးမှုအတွက် ရုန်းကန်နေသည့် နိုင်ငံသားများ၏ အခြေအနေကိုပြသည်။ ပလက်ဖောင်းပေါ်က ရောင်းချနေသော ကုန်စည်များတွင် ဈေးသက်သာသော လူသုံးကုန်၊ စားသောက်စရာ၊ အိမ်တွင်းမှုသုံးပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်သည်။ (မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ပစ္စည်းအတော်များများကို ဈေးနှုန်းပေါပေါဖြင့် ဝယ်နိုင်သည်) ထို့ကြောင့် မြို့ပြရှိ ဝင်ငွေနိမ့်လူတန်းစားများ၊ ဆင်းရဲနွမ်းပါးသည့် နိုင်ငံသားများ၏ အားကိုးစရာ ဈေးကွက်အဖြစ်ကိုလည်း သရုပ်ဖော်နေသည်။ လမ်းဘေး ပလက်ဖောင်းဈေးကွက်သည် ဆင်းရဲနွမ်းပါး၊ စီးပွားရေးကျပ်တည်းနေကြသော မြို့ပြနေလူတန်းစားအတွက် အဓိကကျသော လူနေမှုအစိတ်အပိုင်းပင် ဖြစ်နေပြီဟု လေ့လာသူအချို့က သုံးသပ်ခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော စီးပွားရေးအဆောက်အအုံအတွင်း အခြားသော အလုပ်အကိုင်အခွင့်အလမ်းမရ၍ လမ်းဘေးပလက်ဖောင်းပေါ်၌ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်နေကြသော ဈေးသည်လေးများနှင့် ပတ်သက်၍ ပုံသေကားချပ် စည်းမျဉ်းစည်းကမ်းများကို ဆုပ်ကိုင်၍ အတင်းအကျပ်ဆောင်ရွက်မည့်အစား ရှုဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေမျိုးနှင့် စီစဉ်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။ ဤဆောင်းပါးရေးနေစဉ် စီးပွားရေးတက္ကသိုလ်၌ ဘောဂဗေဒ ပါမောက္ခ တာဝန်ယူခဲ့ဖူးသူက ရန်ကုန်မြို့တော်ဝန်၏ ဖေ့စ်ဘွတ်၌ လမ်းဘေးပလက်ဖောင်းဈေးသည် ရှင်းလင်းရေးနှင့် ပတ်သက်၍ ၎င်း၏ သဘောထား၊ အယူအဆတို့ ရေးသားထားသည်ကို ဖတ်ရှုရသည်။ စာရေးသူနှင့် သဘောထားချင်းတိုက်ဆိုင်၍ စာသားအချို့ကို ကူးယူဖော်ပြအပ်ပါသည်။

> စီးပွားရေး ဖွံ့ဖြိုးမှုအားနည်းသော စီးပွားရေး အဆောက်အအုံအတွင်း အခြားသော အလုပ် အကိုင်အခွင့်အလမ်းမရ၍ လမ်းဘေးပလက် ဖောင်းပေါ်၌ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်နေကြသော ဈေးသည်လေးများနှင့် ပတ်သက်၍ ပုံသေကားချပ် စည်းမျဉ်း စည်းကမ်းများကို ဆုပ်ကိုင်၍ အတင်းအကျပ် ဆောင်ရွက်မည့်အစား ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေမျိုးနှင့် စီစဉ် ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။

### အရေးယူခြင်းကိစ္စအပေါ်တွင်

" . . . . ကျွန်တော်ရင်ဆိုင်နေရတာက ကျူးကျော်ဈေးသည်တွေ ဈေးရောင်းစားတာ သူပုန်ထနေတာ မဟုတ်ဘူး။ ဒီဈေးသည်တွေ ပလက်ဖောင်းတင်မက၊ လမ်းမပေါ်မှာ ကျူးကျော်လာမယ်ဆိုရင် ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ အရေးယူလို့ရတယ်။ ဖမ်းလို့လည်းရတယ်။ ပစ္စည်းတွေလည်း သိမ်းလို့ရတယ်။ ဈေးရောင်းတာကို ဖမ်းတာမဟုတ်ဘူး၊ လူသွားလမ်းမှာ၊ ကားသွားလမ်းမှာ ကျူးကျော်ပြီးရောင်းလို့ ဖမ်းတာ၊ ဒါကို မလုပ်ရဲစရာ ဘာမှမရှိဘူး လုပ်လို့ရတယ်။"

### ဈေးသည်၊ ဈေးရောင်းခြင်းနှင့် ဈေးရောင်းရမည့်နေရာနှင့် ပတ်သက်၍

"စဉ်းစားရမှာက လူတွေဘာလို့ ဒီလိုလမ်းပေါ်ရောက်အောင် ဖြစ်လာသလဲဆိုတာ စဉ်းစားပေးရမှာ။ ဒါကို မစဉ်းစားဘဲ မရောင်းရတဲ့နေရာမှာ ရောင်းရင် ဖမ်းသကွာဆိုပြီး လုပ်လို့မရပါဘူး။ ဈေးရောင်းတာ အပြစ်မဟုတ်ဘူး၊ ဈေးမရောင်းရတဲ့နေရာမှာ ရောင်းတာအပြစ်ဗျ။ ဒီတော့ ဈေးရောင်းနိုင်မယ့် နေရာတွေကို စီစဉ်ပေးနိုင်ရမယ်။ ဈေးရောင်းနိုင်မယ့် နေရာတွေဆိုတာကလည်း ဈေးရောင်းချင်စဖွယ်၊ ဈေးဝယ်ချင်စဖွယ် နေရာတွေလည်း ဖြစ်ရပါမယ်။ ဒါကိုဖန်တီးပေးနိုင်မယ်။ ဒါကို ဖန်တီးပေးထားလို့မှ မရောင်းရင်ရောဆိုတဲ့ မေးခွန်းလည်းရှိပါမယ်။ အသင့်အတင့် ရောင်းချင်စဖွယ်၊ ဝယ်ချင်စဖွယ် ဖန်တီးပေးထားတဲ့နေရာတွေ လုပ်ပေးလို့တော့ လာရောင်းကြမှာ၊ လာဝယ်ကြမှာ သေချာပါတယ်။"

### လက်ရှိ အခြေအနေနှင့် ပတ်သက်၍

"ရန်ကုန်မှာ ဆောက်ထားတဲ့ ဈေးတွေကြည့်ပါလား။ ဈေးသာဆောက်ထားတယ်။ ဝယ်ချင်စဖွယ်၊ ရောင်းချင်စဖွယ်မရှိတော့ ဈေးအပြင်မှာပဲ၊ ထွက်ရောင်းတဲ့သဘောဖြစ်လာတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဈေးအင်္ဂါရပ်နဲ့မညီလို့၊ ဈေးအင်္ဂါရပ်နဲ့ မညီတဲ့အပြင် ဈေးပြုပြင်ထိန်းသိမ်းမှုဆိုတာကလည်း နှစ်တိုင်းဘတ်ဂျက်မှာပြနေတော့ ဒါကို ပြန်စဉ်းစားဖို့ လိုလာတယ်။ ဒါကို မစဉ်းစားဘဲ ဈေးရှိလျက်နဲ့ အပြင်ထွက်ရောင်းရကောင်းလားဆိုပြီး စည်ပင်သာယာရေး ဥပဒေနဲ့ အရေးယူလို့ရတယ်။ အရေးယူသင့်၊ မသင့်ဆိုတာကတော့ ပြန်စဉ်းစားကြည့် . . . ။"

### အနာဂတ်တွင်လုပ်ဆောင်သင့်သည်နှင့် ပတ်သက်၍

"အရင်ဦးဆုံး ဈေးအင်္ဂါရပ်နဲ့ညီတဲ့ ဈေးတွေ ဆောက်ပေးရမယ်။ လမ်းဘေးဈေးသည် hawkers တွေအတွက် night light လို၊ night bazaars တွေလို လုပ်ပေးရပါမယ်။ ဒီနေရာတွေကလည်း ရောင်းချင့်စဖွယ်၊ ဝယ်ချင်စဖွယ် ဖြစ်ရပါမယ်။ ဒါလုပ်ပေးထားလို့မှ မရောင်းရင် အရေးယူပေါ့လို့ ဆိုပေမယ့်။ ဒါတွေ လုပ်ပေးထားလို့မှ ဆိုတာကြီးကိုလည်း ပြန်သုံးသပ်ရပါမယ်။ လုပ်ထားပြီး၊ ငွေတွေသာကုန်ပြီး ပွဲစည်အောင်မလုပ်နိုင်ရင်လည်း Marketplaces တွေ ဖြစ်မလာပါဘူး။"

"စနစ်က ကွာသွားပြီ။ ဗဟိုဦးစီးစနစ်ဆိုတာ စည်းကမ်းဥပဒေ မလိုက်နာရင်ဖမ်းပဲ။ ဒီမိုကရေစီစနစ်ဆိုတာ လူထုရဲ့ လိုအပ်ချက်ကို အရင်ဖြည့်ဆည်းပေးရပါတယ်။ ဖြည့်ဆည်းပေးတာမှန်ရင် ဖမ်းစရာမလိုပါဘူး။ ဖမ်းရမယ့်လူတွေက လူထုကို ဒုက္ခပေးနေတဲ့သူတွေ၊ ဂိုဏ်းတွေ၊ အသင်းအဖွဲ့တွေ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သူတွေကို ဖမ်းရမှာပါ။"

ပလက်ဖောင်းဈေးကွက်အပေါ် မှီခိုနေကြသော ဘဝများအခက်အခဲမတွေ့စေချင်သကဲ့သို့ မြို့ပြ တာဝန်ရှိသူတို့၏ ဖြောင့်မတ်မှန်ကန်သည့်စိတ်၊ လူထုအခက်အခဲများကို ပြေလည်စေချင်သည့် သဘောထားဖြင့် ကျင့်သုံးသည့် စည်းကမ်းများ၊ ဥပဒေများလည်း စိုးမိုးစေချင်သည်။ ပုံကျဈေးသည်များ၏ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုကိုလည်း မြင်ချင်ပေသည်။ နိဂုံးချုပ်အားဖြင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးနေသည့် စီးပွားရေး အဆောက်အအုံအတွင်း လမ်းဘေးပလက်ဖောင်းဈေးသည်များအဖြစ် ရပ်တည်ကာ၊ ဝမ်းရေး မှီခိုနေ၊ ဖြေရှင်းနေရသော မြို့ပြရှိဆင်းရဲနွမ်းပါးသော လူတန်းစားများနှင့် ပတ်သက်၍ စဉ်းစားနိုင်စေရန် အကြံပြုရေးသားရခြင်းဖြစ်ပါသတည်း။ ။

# ကော့ကရိတ်ခရိုင်အတွင်းရှိ နယ်စပ်ဝင်ပေါက်များမှ ဘင်္ဂါလီလူမျိုးများ ခိုးဝင်လာမှုရှိ၊ မရှိ စစ်ဆေးမည်

**ကော့ကရိတ် နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ဘုရားသုံးဆူမြို့နှင့် ကျိုက်ဒုံမြို့ရှိ ပိုင်ကလိုင်ကျေးရွာ နယ်စပ်များမှ ဘင်္ဂါလီလူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်လာမှုရှိ၊ မရှိကို ယခုလမှစ၍ စစ်ဆေးဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ဘုရားသုံးဆူမြို့နယ်စပ် အနန်းကွင်းကျေးရွာနှင့် ကျိုက်ဒုံမြို့ ပိုင်ကလိုင်ကျေးရွာနယ်စပ် အစွန်းကျေးရွာတို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်သီဟထံမှ သိရသည်။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံကူးသန်းသွားလာရေးအတွက် စစ်ဆေးရေးဂိတ်များရှိသော်လည်း နယ်နိမိတ်တစ်လျှောက်တွင် တရားမဝင်ကူးသန်းသွားလာသည့် နေရာများရှိသည့်အတွက် အဆိုပါနေရာများနှင့် ပတ်ဝန်းကျင်များတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူများအနေဖြင့်လည်း တရားမဝင် ခိုးဝင်ဘင်္ဂါလီများနှင့် မသင်္ကာဖွယ်ရာလူများ တွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးရန် နှိုးဆော်ထားကြောင်းလည်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

■



# နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မောင်တော)မှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်

**စစ်တွေ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျောင်းများကို ခေတ္တပိတ်ထားပြီးနောက် အောက်တိုဘာ ၂၄ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း (မောင်တော)မှ ကျောင်းသား ကျောင်းသူများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းမောင်နှင့် ဆရာ ဆရာမများ ဦးဆောင်ကာ ယမန်နေ့ နံနက်ပိုင်းက အထက(၁) မောင်တော ကျောင်းတော်ကြီးသို့ ကျောင်းသား ကျောင်းသူများ ကျောင်းတက်လျက်ရှိသည်ကို တွေ့ရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ဘူးသီးတောင်ဆေးရုံတွင် လူမျိုးဘာသာမရွေး ကျန်းမာရေးကုသစောင့်ရှောက်မှုနှင့်အတူ နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် ဒေသခံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိ



**ဘူးသီးတောင် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း အောက်တိုဘာ ၉ ရက်က အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်နှင့် နယ်မြေစခန်း၊ ရုံးများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီး လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့သည်။ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြရာ ဘူးသီးတောင်မြို့တွင် အထက(ခွဲ) (၁)၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းကျော်က ပြောသည်။

"အောက်တိုဘာ ၁၂ ရက်မှာ ဘူးသီးတောင်မြို့ကို နေရပ်စွန့်ခွာတိမ်းရှောင်လာတဲ့ ဒေသခံ ၁၃၁၂ ဦးကို ဘူးသီးတောင် အထက(ခွဲ) (၁)မှာ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး လက်ခံထားပေးခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီကယ်ဆယ်ရေးစခန်းကို နေ့စဉ်သွားရောက်ပြီး ကုသစောင့်ရှောက်ပေးခဲ့ပါတယ်။ ဒီလိုကုသပေးရာမှာ လူမျိုးဘာသာအသိုင်းအဝိုင်းမခွဲခြားဘဲ အားလုံးကိုတစ်ပြေးညီကုသပေးခြင်းဖြစ်ပါတယ်"ဟု ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဆရာဝန်နှင့်သူနာပြုများသည် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ရာတွင် လူနာကိုကုသပေးရမည်ဟူသော ခံယူချက်တစ်ခုတည်းဖြင့်သာ ကုသပေးခြင်းဖြစ်သည်။ ယခုအခါ နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ဘူးသီးတောင်မြို့နယ် အထက(ခွဲ)တွင် ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများမှာ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြရာ ၃၆ ဦးသာ ကျန်ရှိသဖြင့် ၎င်းတို့အား ဘုန်းကြီးကျောင်းသို့ပြောင်းရွှေ့ကာ ကယ်ဆယ်ရေးနှင့်ထောက်ပံ့မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

နေရပ်စွန့်ခွာလာသူများအနက်မှ မွေးဖွားလူနာနှင့် အရေးပေါ်လူနာများကို ဘူးသီးတောင်မြို့နယ်ဆေးရုံသို့ ပြောင်းရွှေ့ကာ မီးဖွားပေးခြင်းနှင့်ကုသပေးခြင်းများဖြင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများပေးထားသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူမျိုးဘာသာမခွဲခြားဘဲ တစ်ပြေးညီ ကုသပေးလျက်ရှိသကဲ့သို့ ဆေးဝါးများကိုလည်း အခမဲ့ဖြည့်ဆည်း ထောက်ပံ့ပေးထားခြင်းဖြစ်သည်။

ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် တက်ရောက်မီးဖွားနေသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ရွာမရွာမှ မမော်ဒီခါတူက "အခုလိုအချိန်မှာ ကောင်းကောင်းမွန်မွန်မီးဖွားပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အမြွှာကလေးနှစ်ဦးကို မွေးဖွားနိုင်ခဲ့ပေမယ့် ကျွန်မရဲ့ကျန်းမာရေးက စောင့်ကြည့်ကုသဖို့လိုအပ်တယ်လို့ သိရတဲ့အတွက် အခုလို ဆေးရုံမှာရှိနေတာပါ"ဟု ပြောသည်။

ဘူးသီးတောင်ဆေးရုံတွင် တစ်နေ့လျှင် ပြင်ပလူနာ ၅၀ ခန့် လာရောက်ပြသပြီး ကျန်းမာရေးကုသမှုခံယူလျက်ရှိရာ အများစုမှာ အစ္စလာမ်ဘာသာဝင်များဖြစ်သည်။ ဘူးသီးတောင်ဆေးရုံရှိ ဆရာဝန်ခြောက်ဦး၊ သူနာပြု ၁၇ ဦး၊ သားဖွားဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူမျိုးဘာသာမရွေး နေ့စဉ် ကျန်းမာရေးဆိုင်ရာ ကုသမှုနှင့်စောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❀ ရခိုင်ပြည်နယ်မှ**

စာသင်ကျောင်းနှင့် ဈေးများ ပြန်လည်ဖွင့်လှစ်ကာ ရောင်းဝယ်ဖောက်ကားမှုများနှင့် သွားလာမှုများ ပုံမှန်အတိုင်းရှိနေပြီဖြစ်သည်။

ကြိမ်ချောင်းကျေးရွာဈေးတွင် ဆိုင်ခန်းများအားလုံး ဖွင့်လှစ်ရောင်းချလျက်ရှိပြီး နံနက်ပိုင်းတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။ ကြိမ်ချောင်းကျေးရွာသည် အိမ်ခြေ ၁၀၀၁ အိမ်ရှိပြီး လူဦးရေ ၈၄၉၃ ဦးရှိကာ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များ အတူတကွယှဉ်တွဲကာ အေးချမ်းတည်ငြိမ်စွာနေထိုင်လျက်ရှိသည်။ ကြိမ်ချောင်းရွာဈေးသည် အနီးဝန်းကျင်ကျေးရွာများရှိ ဈေးများအနက် အကြီးဆုံးနှင့် အစည်ကားဆုံးသော ဈေးတစ်ခုဖြစ်သည်။

"ကျွန်တော်တို့ကြိမ်ချောင်းရွာဟာ တောင်ရွာ၊ မြောက်ရွာ၊ အလယ်ရွာဆိုပြီးတော့ ရွာသုံးရွာစုပေါင်းထားတဲ့ ကျေးရွာဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ စုပေါင်းနေထိုင်တဲ့ရွာဖြစ်ပြီး တည်ငြိမ်အေးချမ်းတဲ့ရွာဖြစ်ပါတယ်။ အောက်တိုဘာ ၉ ရက်က အနီးဝန်းကျင်ကျေးရွာတချို့မှာ အကြမ်းဖက် တိုက်ခိုက်မှုတွေဖြစ်ပွားခဲ့တာကြောင့် စိုးရိမ်ထိတ်လန့်ပြီး စာသင်ကျောင်းနဲ့ ဈေးကို ပိတ်ထားခဲ့ပေမယ့် အခုတော့ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ပါတယ်။ ပြဿနာတစ်စုံတစ်ရာလည်း မရှိခဲ့ပါဘူး"ဟု ကြိမ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောသည်။

ကြိမ်ချောင်းကျေးရွာရှိ အချို့နေရာများတွင် နယ်မြေအေးချမ်းမှုရရှိစေရန် ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းကာ ရွာသူရွာသားများအနေဖြင့် စိုးရိမ်ပူပန်ပြီး ကျေးရွာမှထွက်မပြေးကြရန်၊ နယ်မြေလုံခြုံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကိုသိရှိပါက ဖော်ထုတ်ကူညီပေးကြရန် လက်ကိုင်စပီကာဖြင့် ကြိုတင်အသိပေးမှုများ ပြုလုပ်ခဲ့သဖြင့် အထင်အမြင်လွဲမှားမှုများမရှိခဲ့ဘဲ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ရွာသူရွာသားများ အတူတကွပူးပေါင်းကာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကြိမ်ချောင်းကျေးရွာသို့ နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်အဖွဲ့ဝင်များ ရောက်ရှိခဲ့ချိန်တွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များ အတူတကွအေးချမ်းစွာ ယှဉ်တွဲနေထိုင်မှုနှင့် ပတ်သက်၍ သံတမန်တစ်ဦးက မေးမြန်းခဲ့ရာတွင် "ကျွန်တော်တို့အခုလို အတူတကွ ပူးတွဲပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်တာဟာ စီးပွားရေးကောင်းပြီး အသိဉာဏ်ရှိကြတယ်၊ ပညာတတ်လို့လည်း ဖြစ်ပါတယ်"ဟု အစ္စလာမ်ဘာသာဝင်တစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# အသက်ကယ်ထိုင်ခုံခါးပတ်အသုံးမပြုပါက အရေးယူမှု ၂၀၁၇ ဇန်နဝါရီ ၁ ရက်တွင် စတင်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်မတော်တဆမှုများကြောင့် သေဆုံးမှုများတွင် မော်တော်ယာဉ် မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် အများဆုံးဖြစ်နေသည်ကို စိစစ်တွေ့ရှိရကြောင်း အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက သတိပေးထုတ်ပြန်ထားသည်။




ယင်းသို့ ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များတွင် လူသေဆုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိရာ မော်တော်ယာဉ်မောင်းနှင်သူများ၊ လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ် အသုံးပြုစေရေးအတွက် ပညာပေးကာလအဖြစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မော်တော်ယာဉ်ဥပဒေအရ အရေးယူမှု စတင်မည်ဖြစ်ကြောင်း အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက ထုတ်ပြန်သတိပေးထားသည်။

မော်တော်ယာဉ် မောင်းနှင်သူများ၊ လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ် အသုံးပြုမောင်းနှင်ခြင်း၊ စီးနင်းခြင်းအတွက် မူလက နိုဝင်ဘာ ၁ ရက်မှ စတင်အရေးယူမည်ဟူသော သတင်းများကြောင့် ယင်းနေ့မှစတင်ကာ ထိုင်ခုံခါးပတ် အသုံးပြုမှုများ ရှိလာပြီး ယာဉ်မောင်းအများစုမှာမူ လိုက်နာမှု အားနည်းနေသေးကြောင်း ပညာပေးဆောင်ရွက်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မှတ်ချက်ပြုသည်။ ယင်းအတွက် ထိုင်ခုံခါးပတ် အသုံးပြုရေးကို ပညာပေးကာလတွင် တွန်းအားပေးဆောင်ရွက်နေသည်ဟု သိရသည်။

"သတင်းကြားတာကတော့ နိုဝင်ဘာ ၁ ရက်က စပြီးအရေးယူမယ်ဆိုလို့ ခါးပတ်စသုံးဖြစ်ပါတယ်။ ယာဉ်မောင်းရင် ခါးပတ်အသုံးပြုတာကတော့ အန္တရာယ်ဖြစ်လာလည်း စိတ်ချရတာပေ့ါ။ ဒါပေမယ့် အသုံးပြုဖြစ်လားဆိုတော့ မသုံးဖြစ်ခဲ့ဘူး။ အခုမှ စသုံးတာ။ ပြောရရင် ခါးပတ်တွေဆိုတာ မသုံးဖြစ်လို့ ဖုန်တောင်တက်နေတယ်။ ယာဉ်တိုင်းသုံးအောင် ပညာပေးသွားရမှာ။ ကိုရီးယားဇာတ်ကားတွေမှာဆိုရင် ကားပေါ်တက်တာနဲ့ ခါးပတ်ပတ်တာကို သေချာပြတယ်။ ဥပဒေအရလည်း အရေးယူတော့ ထိရောက်တယ်။ မြန်မာဇာတ်လမ်း ရုပ်ရှင်တွေမှာလည်း ဒါမျိုးတွေ ထိထိရောက်ရောက် ထည့်ပြသွားသင့်တယ်။ ယာဉ်မောင်းတဲ့အခန်းတွေဆိုရင် ခါးပတ်မပတ်ရင် ပြခွင့်မပြုတာ၊ ဆင်ဆာခွင့်မပြုတာမျိုးကို အနုပညာလောကလည်းသိအောင်၊ ပြည်သူလည်း ပညာပေးပြီးဖြစ်အောင် လုပ်သင့်တယ်လို့ ထင်ပါတယ်" ဟု ကိုယ်ပိုင်မော်တော်ယာဉ် မောင်းနှင်နေသူ မအိဖြူနိုင်က ပြောသည်။

ယင်းသို့ ထိုင်ခုံခါးပတ်အသုံးပြုရေး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆောက်ရွက်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ ယာဉ်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရာတွင် ထိုင်ခုံခါးပတ် ပါရှိရေးအတွက် ကြေညာချက်များကို ထုတ်ပြန်ထားသည်။ ကနဦး မှတ်ပုံတင်ယာဉ်များအား စစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ် ထိုင်ခုံခါးပတ် Seat Belt ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများအနေဖြင့် 6C အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ် ထိုင်ခုံခါးပတ်များ တပ်ဆင်ပါရှိရမည်ဖြစ်သည်။ 6C အက္ခရာအောက်ယာဉ် ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ် ပုံစံတွင် ပါရှိသည့်အတိုင်း ထိုင်ခုံခါးပတ်ပါရှိရမည်ဟု သတိပေးထုတ်ပြန်ထားသည်။ အခြား Light Truck, Pick Up, Track, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ ထိုင်ခုံခါးပတ်ကို မဖြစ်မနေ တပ်ဆင်ပါရှိရမည်ဖြစ်ပြီး ကျောင်းသုံးယာဉ် School Busများ၊ အဝေးပြေးခရီးသည်တင်ယာဉ်များအားလုံး ယာဉ်မောင်းနှင့် စီးနင်းသူများအတွက် ထိုင်ခုံခါးပတ် ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်ဖြစ်သည်။ ယင်းကဲ့သို့သတ်မှတ်ချက်များနှင့် မညီသည့် ယာဉ်များအား မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအနေဖြင့် ၂၀၁၄- ၂၀၂၀ လုပ်ငန်းစီမံချက် ချမှတ်အကောင်အထည်ဖော်နေပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဦးစားပေးလုပ်ငန်း အစီအမံလေးရပ်တွင် မော်တော်ယာဉ် မောင်းနှင်နေသူနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုရေး လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်သည်ဟု သိရသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ တစ်နှစ်တာအတွင်းတွင် မော်တော်ယာဉ်ကြောင့် ဖြစ်ပွားသော ယာဉ်မတော်တဆမှု(မော်တော်ဆိုင်ကယ်မပါ) များတွင် သေဆုံးသူဦးရေ ၂၁၀၀ ကျော်အထိ ရှိခဲ့ပြီး ယင်းတွင် ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်နေသည့်အတွက် ဦးစားပေး ပညာပေး၊ အရေးယူ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

# ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မော်တော်ယာဉ်လမ်းကြောင်းများသတ်မှတ်

**ပြင်ဦးလွင် နိုဝင်ဘာ ၂**

ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း နိုဝင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ မော်တော်ယာဉ်လမ်းကြောင်းများသတ်မှတ်ထားရှိမှုကို ထုတ်ပြန်အသိပေးကြောင်းသိရသည်။

အဆိုပါသတ်မှတ်ချက်များတွင် ၆ ဘီး၊၁၂ ဘီး၊၂၂ ဘီးတွဲယာဉ်ကြီးများ အပါအဝင်ကုန်တင်ယာဉ်များ၊ မူဆယ်-ပြင်ဦးလွင်၊မန္တလေး-ရန်ကုန် Express အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မူဆယ်-ပြင်ဦးလွင်၊ မန္တလေး-ရန်ကုန်(ခရီးသည်အိမ်စီး)ယာဉ်များကို မြို့ရှောင်လမ်းမှအတက်အဆင်း ပြုလုပ်စေမည်ဖြစ်သည်။

ပြင်ဦးလွင်ဂိတ်အစအဆုံး Express ခရီးသည်တင်ယာဉ်ကြီးများ၊ ပြင်ဦးလွင်(ဂိတ်အစအဆုံး)အနီးအဝေးပြေး ခရီးသည်တင်ယာဉ်ငယ်များကို ပြင်ဦးလွင်ကားကြီးဝင်းအထိ မြို့တွင်းလမ်းအတိုင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ဘုရားဖူးယာဉ်ကြီး၊ ယာဉ်ငယ်များ၊ မြို့တွင်းအိမ်စီးယာဉ်ငယ်များကိုမြို့တွင်းမှဘုရားဝင်းအထိ ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်သည်။ ပွဲတော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ချိန်တွင် ဘုရားဖူးယာဉ်ကြီး၊ ယာဉ်ငယ်များအား မိုးကုတ်လမ်းခွဲမှတစ်ဆင့် မိုးကြိုးစက်မှုလမ်းဆုံအတိုင်း မြို့တွင်းသို့လမ်းလွှဲပေးမည်ဖြစ်သည်။

Oriental Highway Toll Gateမှမြို့ရှောင်လမ်း၊ လေကာကုန်းအစပ်အထိ အတက်အဆင်းလမ်းဝဲယာတွင် ယာဉ်မရပ်ရနေရာသတ်မှတ်ထားမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း မဟာအံ့ထူးကံသာဘုရားကြီး ဒေါ်သီမုခ်ဦးမှ Oriental Highway Toll Gateအထိ အတက်လမ်း(တစ်လမ်းမောင်း)အဖြစ် သတ်မှတ်သွားလာစေမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

ယခုနှစ်ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကာလမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ပွဲတော်လာကြသူများ သွားလာရေးအဆင်ပြေစေရေးတို့အတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီက ဒီသတ်မှတ်ချက်များကို ထုတ်ပြန်အသိပေးရခြင်းဖြစ်ပါတယ်ဟု ပြင်ဦးလွင်မြို့ အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးဒုရဲမှူးဝင်းသိန်းက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါယာဉ်အဝင်အထွက် အသွားအလာသတ်မှတ်ချက်များကို ယာဉ်မောင်းသူများအနေဖြင့် သိရှိနားလည်ပြီး ပွဲတော်ကာလအတွင်း အဆင်ပြေမှုရှိရန်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သီပေါကိုလတ်)**

❒ **ရှေ့ဖုံးမှ**

❒ ရှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အဆက် အကူအညီများပေးအပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအထောက်အပံ့များကို ပွင့်လင်းမြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့် လုပ်ငန်းစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ဂျပန်အစိုးရထောက်ပံ့ငွေများဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအပေါ် အကူအညီ ပေးမည့်လုပ်ငန်းများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ လိုအပ်လျက်ရှိသော လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ် လုံလောက်စွာရရှိရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများတွင် အကျိုးရှိစွာ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ဖလှယ်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် "မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ဂျပန်ပြည်ပ ပူးပေါင်းဆောင်ရွက်မှု လုပ်အားပေးများစေလွှတ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံသို့ လုပ်အားပေးများ စေလွှတ်ရေးဆိုင်ရာ စာချွန်လွှာ" (Exchange of Notes the dispatch of volunteers to the Republic of the Union of Myanmar under the Japan Overseas Volunteers Programme Between the Government of the Republic of the Union of Myanmar and the Government of Japan) အား မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတိရှိ ဟိဂုချိ တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဂျပန်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ Rihga ဟိုတယ်၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့ရှိမြန်မာသံရုံး၌ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**(သတင်းစဉ်)**

❖



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (မြန်/ဆက်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူမှုအဖွဲ့အစည်းများအား တွေ့ဆုံစဉ်။ (မြန်/ဆက်)**

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်ထိ ပြသရောင်းချသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂**

အမေရိကန်အစိုးရအနေဖြင့် ကျောက်စိမ်း၊ ပတ္တမြားနှင့် လက်ဝတ်ရတနာများ အပါအဝင် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းပြီးဖြစ်၍ အနောက်ဥရောပနိုင်ငံများမှ ရတနာကုန်သည်များပါ လာရောက်နိုင်သည့်အတွက် ရတနာပြပွဲများကို နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးနှင့် ပြပွဲဆိုင်ရာလုပ်ငန်းများတွင် အားနည်းမှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအမျိုးအစားများအလိုက် လျာထားအသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းတင်ပြနိုင်ရေးကို ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဆက်လက်ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။



၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်ထိ ပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂၀ ရက်မှ၂၁ ရက်ထိ လေ့လာကြည့်ရှုနိုင်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည် ဖြစ်သည်။

ထို့ပြင် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ကြည့်ရှုလေ့လာနိုင်ပြီး နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကာ နိုဝင်ဘာ ၂၈ ရက်မှ ၂၉ ရက်ထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ယခု ကျင်းပမည့် ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နိုင်ငံခြားငွေဖြင့် ပြသရောင်းချသည့် ပြပွဲ ၉၀ ပြည့်မြောက်သည့်ပွဲ ဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ နှစ်နိုင်ငံသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို တက်ရောက်ကြစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ (ပြန်/ဆက်)

# ဦးရွှေမောင်နှင့် အပေါင်းပါများကတော့ ဝန်ခံမှုမရှိ ငြင်းဆိုနေဆဲဖြစ်သည့် မောင်တောဒေသ၏ အမှန်တရားအကြောင်း

## သတင်းဆောင်းပါး - ဖိုးဆွေ

"အောက်တိုဘာလ ၉ ရက် ည ၁ နာရီ ၁၅ မိနစ်က စပြီးတော့ ပစ်ခတ်သံတွေကြားတယ်။ အဲဒီမှာ ကျွန်မတို့လည်း တစ်ညလုံးမအိပ်ရဘူး။ ပစ်ခတ်သံတွေကြားတော့ ကြောက်လန့်ပြီး နေနေရတယ်။ အဝေးကိုလည်း ထွက်မပြေးရဲဘူး။

**ကျည်ခွံတွေ အများအပြားတွေ့**

"ဝါးပိတ်ဆိုတဲ့ရွာမှာ ဝင်စီးတယ်လို့ ကြားပါတယ်။ ရွာနီးချင်းတွေမို့လို့ အဲဒီ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာတွေက တချို့ကပြောပါတယ်။ ဝါးပိတ်ရွာကို တပ်မတော်က ဝင်ရောက်စစ်ဆေးတဲ့အခါမှာ ကျည်ခွံတွေ အများအပြား တွေ့တယ်လို့ ပြောပါတယ်။ တပ်မတော်က ဝါးပိတ်ရွာကို ဝင်ရောက်ရှင်းလင်းတဲ့အခါမှာ ရွာသူရွာသားတွေက ထွက်ပြေးကြသလို ပစ်ခတ်မှုတွေဖြစ်ကြတယ်။ လက်ရှိအချိန်မှာတော့ အဲဒီမှာ ဘာမှမဖြစ်တော့ဘူးလို့ကြားတယ်"ဟု မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာမှ မမြထွေး၏ စကားသံကို ကြားယောင်မိသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက လုပ်ဆောင်ခဲ့သည့် အခြေအနေကို မမြထွေးက သူသိသလောက် ပြောပြနေခြင်းဖြစ်သည်။

မမြထွေးတို့မိသားစု ကြောက်ရွံ့ထိတ်လန့်မှုကြောင့် မောင်တောမှတစ်ဆင့် စစ်တွေကယ်ဆယ်ရေးစခန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လက်ရှိအခြေအနေနှင့်ပတ်သက်၍ မမြထွေးက "စစ်တွေကယ်ဆယ်ရေးစခန်းမှာ အစစအရာရာ အဆင်ပြေပါတယ်။ ကျွန်မတို့လို ဒုက္ခသည်တွေကို စားရေးသောက်ရေး၊ ကျန်းမာရေးက အစ အကူအညီပေးတဲ့အတွက် ပူပင်စရာမရှိပါဘူး။ အခုတော့ စစ်တွေကယ်ဆယ်ရေးစခန်းကနေ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းကို ပြန်နေပါပြီ"ဟု ဆက်ပြောပြသည်။ သူ့မျက်နှာမှာတော့ စိုးရိမ်သောကရိပ်တချို့ကို မြင်ရဆဲဖြစ်သည်။

**ပြတ်သားစွာ အရေးယူသွားမည်**

မောင်တောခရိုင်အတွင်း နယ်မြေရှင်းလင်းရေးကို တရားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ရည်မှန်းချက်သုံးရပ်ဖြင့် ဆောင်ရွက်နေပြီး ပထမတစ်ချက်မှာ အကြမ်းဖက်တိုက်ခိုက်သူများ လက်ထဲပါသွားသည့် လက်နက်များ ပြန်ရရှိရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ရပ်/ကျေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပွားရာတွင် ကိုယ်တိုင်ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ တတိယတစ်ချက်မှာ တိုက်ခိုက်သူများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သူများကို စစ်ကြောမှုတွေအရ ဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအဖွဲ့ပေါင်းစုံ ပူးပေါင်းဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ပြောပြသည်။ ဒါက မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းမဆို ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးရန် လုပ်ရစမြဲ ထုံးစံဖြစ်သည်။ နိုင်ငံတကာ စံနှုန်းတွေအတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် တရားမျှတ မှန်ကန်မှုရှိမည်မှာ ဘာမှ စောဒက တက်စရာမရှိ။

**ရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံး**

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံ့စွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့် အကြမ်းဖက်သမား ရှစ်ဦး၏ အလောင်းများ ရရှိခဲ့ပြီး နှစ်ဦးအား အရှင်ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်သမားများက မောင်တောခရိုင်အတွင်း လှည့်လည်သွားလာ၍ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လာခဲ့ရာ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ရာ ဒေသများတွင် နယ်မြေရှင်းလင်းမှုဆိုင်ရာ စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် မကြာခဏ ထိတွေ့မှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး၏ အောက်တိုဘာ ၁၄ ရက် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည်။

**အချိန်ယူကာ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့**

ထို့ပြင် ဖမ်းဆီးရမိသော အကြမ်းဖက်သမား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အကြမ်းဖက်သမားနှစ်ဦးတို့ကို ပဏာမစစ်ဆေးဖော်ထုတ်ချက်အရ ယခုဖြစ်စဉ်သည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းဝင်များ၏ ပံ့ပိုးမှု၊ ကူညီမှုတို့ဖြင့် အချိန်ယူကာ စနစ်တကျ ကြိုတင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် ၎င်းဒေသတွင် အများစုရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်တောဒေသကို ခြေကုပ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်း ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် အကာလ်မူလ်မူဂျာဟီဒင်န်အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်ဟု နိုင်ငံတော်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်တွင် အတိအလင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်က အပြစ်မရှိအပြစ်ရှာ၊ အလကားနေ အလကား နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့်အတွက် မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်အရ လှုပ်ရှားဆောင်ရွက်နေခြင်း၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေခြင်းဖြစ်သည်ကို အခြားသော ဝေဖန်သုံးသပ်သူများကတော့ သိသည်။ မြင်သည်။ သုံးသပ်ပြောကြားနိုင်စွမ်းလည်း ရှိသည်။**

ဖြစ်စဉ်ဖြစ်ပွားသည့်နေ့ကပင် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းများ ထုတ်ပြန်ထားပြီးဖြစ်သည်။

**အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်**

ယခုဖြစ်စဉ်သည် သာမန်အကြမ်းဖက်လုပ်ရပ်မျှသာမဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ကြောင်း အားလုံးက သုံးသပ်ကြသည်။

ယနေ့ နံနက်ပိုင်းက ထုတ်လွှင့်ခဲ့သည့် VOA မြန်မာပိုင်း တိုက်ရိုက်လေလှိုင်း အစီအစဉ်တွင် ယခင်ဘူးသီးတောင် လွှတ်တော်အမတ်ဖြစ်သူ ဦးရွှေမောင်က မြန်မာ့တပ်မတော်၊ နယ်ခြားစောင့် ရဲအပါအဝင် အခြားရခိုင်လူငယ်များက အစ္စလာမ်ရွာများကို မီးရှို့ခြင်း၊ အမျိုးသမီးများကို အနိုင်အထက်ပြုကျင့်ခြင်း၊ ကလေးသူငယ်များကို သတ်ဖြတ်ခြင်း၊ အသက်ကြီးတာ ငယ်တာ မရွေးဘဲ တရစပ်ပစ်ခြင်းများ ပြုလုပ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

၎င်းသည် လက်ရှိ ဝါရှင်တန်ဒီစီတွင် ရောက်ရှိနေပြီး မြန်မာသံရုံးရှေ့ ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်နေသည်ဟု သိရသောအခါ ပြည်ပမီဒီယာများက ဖော်ပြနေသည့် မောင်တောဒေသစစ်ဆင်ရေးအတွင်း ဒေသခံအရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေသည်၊ ရွာမီးရှို့မှုများလုပ်နေသည်ဟူသော စွပ်စွဲချက်များမှာ ဘယ်လိုစည်းကိုက်ဝါးကိုက်ဆောင်ရွက်နေခြင်းဖြစ်သည်ကို အားလုံးက သဘောပေါက်ကြသည်။

**သတိကြီးစွာ ထားနေရ**

"အခုဖြစ်သွားတဲ့ကိစ္စက နံပါတ်တစ်အနေနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ ပြည်ထောင်စုကြီးရဲ့အရေးကို ထိခိုက်တဲ့ ထိပါးမှုတစ်ခုပဲလို့ ပြောချင်ပါတယ်"ဟု ANP ရခိုင်အမျိုးသားပါတီမှ ဦးထွန်းအောင်ကျော်က ဦးရွှေမောင်နှင့်အတူ VOA ၏ မောင်တောအရေးနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြစဉ် ရှင်းရှင်းပြတ်ပြတ် ပြောခဲ့သည်ကို ကြားရသည်။

"အခု ဌာနချုပ်တွေနဲ့ ကင်းစခန်းတွေကို ဝင်စီးပြီး လက်နက်အမြောက်အမြားနဲ့ ကျည်ဆန်ပေါင်း သောင်းနဲ့ချီ ပါသွားတယ်။ လူ့အသက်တွေ ဆုံးရှုံးတယ်။ ဒါပေမယ့် ဒီနေ့ ရဲတပ်ဖွဲ့နဲ့ တပ်မတော်ဟာ အင်မတန် နူးညံ့တဲ့ဘက်နဲ့ ကိုင်တွယ်နေတယ်။ သတိကြီးစွာ ထားနေရတယ်လို့ ကျွန်တော်တို့ ခံစားရတယ်"ဟု သူ၏အမြင်ကို သုံးသပ်ပြောကြားထားသည်။

ဦးရွှေမောင်ကတော့ ထုံးစံအတိုင်း လုံခြုံရေး ပျော့လျော့စွာ ကိုင်တွယ်သည်ဆိုခြင်းကို သဘောတူခြင်းမရှိ။ အောက်တိုဘာ ၉ ရက်က ဖြစ်စဉ်နှင့် ပတ်သက်၍ ယုတ္တိယုတ္တာရှိစွာ သုံးသပ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူတစ်ဦးအနေဖြင့် နယ်မြေအချုပ်အခြာအာဏာကို စတင်ထိပါးစော်ကားခဲ့ကြခြင်း၊ RSO အဖွဲ့၏ ကျူးလွန်မှုကို ပြစ်တင်ခြင်း၊ ဝန်ခံခြင်း၊ နောင်မလုပ်အောင် ပြင်းပြင်းထန်ထန် တားဆီးသွားမည်ဖြစ်ကြောင်း တစ်လုံးတစ်ပါဒမှ ပြောကြားသွားခြင်းမရှိသည်မှာ အံ့သြဖွယ်မဟုတ်သော်လည်း သူတို့၏စိတ်ထားနှင့် ယုံကြည်ချက်က ထူးဆန်းသည်။ အိမ်ရှင်ကို ဧည့်သည်က မစော်ကားရဟူသည့် ကျင့်ဝတ်ကို လူတိုင်း နားလည်လက်ခံသော်လည်း သူတို့တွင် ထိုသို့မရှိ။ တစ်ဦးချင်းအကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ မြို့ရွာအကျိုး၊ လူမျိုးအကျိုးထက် နိုင်ငံ့အကျိုးကို ဆောင်ရွက်သင့်သည့် ကျင့်ဝတ်ကိုလည်း နားမလည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်က အပြစ်မရှိအပြစ်ရှာ၊ အလကားနေ အလကား နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့်အတွက် မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်အရ လှုပ်ရှားဆောင်ရွက်နေခြင်း၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေခြင်းဖြစ်သည်ကို အခြားသော ဝေဖန်သုံးသပ်သူများကတော့ သိသည်။ မြင်သည်။ သုံးသပ်ပြောကြားနိုင်စွမ်းလည်း ရှိသည်။

သတင်းစာဆရာ ဦးစည်သူအောင်မြင့်က "စဖြစ်ဖြစ်ချင်းတုန်းကတည်းက အားလုံးသတိထားမိကြပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီးတော့မှ အစည်းအဝေးခေါ်တယ်။ ချက်ချင်းခေါ်တယ်။ ခေါ်ပြီးတော့မှ တရားဥပဒေစိုးမိုးရေးကို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# ထောက်ပံ့အကူအညီပေးမှု ရပ်စဲခြင်း၊ ရွာများကိုမီးရှို့ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု မဟုတ်မမှန် စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာအသိုက်အဝန်းသို့ ပြသ


ဝါးပိတ်ကျေးရွာတွင် မီးမရှို့ထားသည့် အိမ်ကြီးကို နိုင်ငံတကာအသိုက်အဝန်းက ကြည့်ရှုကြစဉ်။


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများ ပြောင်ပိုက်ကျေးရွာတွင် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်။

**စစ်တွေ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများကိုသိရှိနိုင်ရန် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအချို့၏ မေတ္တာရပ်ခံချက်ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင် ဦးဆောင်သည့် UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

စစ်တွေလေဆိပ်ခန်းမတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များအပြီးတွင် အစိုးရက ဥပဒေနှင့်အညီဖြေရှင်းလျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်အားဖြေရှင်းရာတွင် အစ္စလာမ်ဘာသာဝင်များအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ အထောက်အထားမဲ့စွပ်စွဲ၍ ဖမ်းဆီးခြင်း၊ အမျိုးသမီးများကို အတင်းအဓမ္မပြုကျင့်ခြင်း၊ နေအိမ်များအား ရွာလုံးကျွတ်မီးရှို့ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်ဟူသော ပြင်ပသတင်းများမှာ ဟုတ်မှန်မှုမရှိကြောင်း၊ ယခုမြေပြင်တွင် အမှန်တကယ်လက်တွေ့ ကွင်းဆင်းလေ့လာသုံးသပ်ဆုံးဖြတ်နိုင်ရန် လိုက်လံပြသပေးမည်ဖြစ်ကြောင်းနှင့် မြေပြင်တွင် တွေ့ရှိရမည့် အစ္စလာမ်ဘာသာဝင်များအား ကိုယ်တိုင်မေးမြန်းနိုင်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ထားသည့်အတိုင်း ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ နှစ်ဖက်မျှမျှတတရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများအား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ရောက်ရှိပြီး မောင်တောမြို့နယ် ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရုံး ရှင်းလင်းဆောင်၌ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်၊ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မှတ်တမ်းအထောက်အထားအပြည့်အစုံဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများက ရှင်းလင်းသည်။

UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးအချို့က သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် အဖွဲ့များသည် နေအိမ်ငယ်အချို့ကို မီးရှို့ထားခဲ့သည့် ဝါးပိတ်ကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုစတင်ဖြစ်ပွားသည့် ကျီးကန်းပြင်ကျေးရွာသို့သွားရောက်ရာ ဝါးပိတ်ကျေးရွာနှင့် ကျီးကန်းပြင်ကျေးရွာတို့မှ တိမ်းရှောင်ပုန်းအောင်းနေသည့် အစ္စလာမ်ဘာသာဝင်များသည် ၎င်းတို့ပုန်းအောင်းသည့်နေရာများမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများကို လာရောက်တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇင်ပိုင်ညာကျေးရွာတွင် နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ UNDP ကိုယ်စားလှယ်နှင့် သံအမတ်ကြီးများသည် ရခိုင်၊ ဒိုင်းနက်၊ မြို နှင့် အစ္စလာမ်ဘာသာဝင်များ သင့်မြတ်စွာစုပေါင်းနေထိုင်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာသို့ သွားရောက်ခဲ့သည်။

ယင်းနောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် တပ်မတော်သား ငါးဦးကျဆုံးခဲ့သည့် ပြောင်ပိုက်ကျေးရွာသို့ သွားရောက်ခဲ့ကြပြီး အဆိုပါကျေးရွာဝန်းကျင်တွင်နေထိုင်သည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုးတန်းကျေးရွာ၊ ငါးခူရကျေးရွာများသို့ ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယခုခရီးစဉ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များတွင် ရဲစခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ခံခဲ့ရသဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းဆောင်ရွက်မှုများရှိခဲ့သော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု မဟုတ်မမှန် စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာအသိုက်အဝန်းသို့ ပြသနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

❐ **စာမျက်နှာ ၉ မှ**

သချာလုပ်ဖို့ဆိုပြီးတော့မှ မှာတာတွေရှိတယ်။ ပြောချင်တဲ့ သဘောက တစ်ဖက်က အကြမ်းဖက်လို့ဆိုပြီးတော့မှ တပ်မတော်တို့၊ ရဲတပ်ဖွဲ့တို့ ဒီအာဏာပိုင်ဘက်ကနေ ပြန်ပြီးတော့ အကြမ်းဖက်တာတွေ မဖြစ်အောင် စကတည်းက သချာကိုလုပ်တယ်။ ပြီးတော့မှ ပြန်ကြားရေးဝန်ကြီးပါတဲ့အဖွဲ့တွေ လွှတ်ပြီးတော့ နေရာတကာ ရောက်အောင်သွားပြီး လူမျိုးရေးပဋိပက္ခတွေ မဖြစ်အောင် ထိန်းတယ်။ အဲဒီတော့ လုပ်တဲ့ဟာတွေကို ကြည့်လိုက်တဲ့ အခါကျတော့ ဖမ်းမိတဲ့သူတွေရှိတယ်။ ရှိသမျှ အကုန်လုံးကို ကျွန်တော်နားလည်သလောက် တရားရုံးကို ပို့နေတယ်။ အဲဒီအချိန်မှာ အဲဒီက သက်ဆိုင်ရာရဲတပ်ဖွဲ့ အာဏာပိုင်တွေကလည်း ပြောတယ်။ ကျွန်တော်တို့ ဒီလူတွေ အကုန်လုံးကို တရားရုံးကို တရားစီရင်ရေးအောက်ကို ပို့နေတယ်၊ အဲဒီတော့ ICRC လိုမျိုး အချိန်မရွေး လာစစ်ဆေးရင်လည်း ရပါတယ်ဆိုပြီးတော့မှ ပြောတာတွေ ရှိတယ်။ ဒီတော့ ဒါအရင်တုန်းကနဲ့မတူဘူး။ ၂၀၁၂ တုန်းကနဲ့လည်း မတူဘူး။

"တပ်မတော်နဲ့ ရဲတပ်ဖွဲ့က အစိုးရရဲ့ ညွှန်ကြားချက်အောက်မှာ ဥပဒေထိန်းသိမ်းရေးကို အတော်လေးလုပ်နေတယ်လို့ ကျွန်တော် နားလည်တယ်။ သတင်းတွေကိုလည်း အဆက်မပြတ်စောင့်ကြည့်နေတယ်။ ဒါပေမယ့် ဒီလိုပြောလိုက်လို့ တစ်ချိန်တည်းမှာ ကျွန်တော်တို့ တပ်မတော်ဘက်က၊ ရဲတပ်ဖွဲ့ဘက်က လူ့အခွင့်အရေး ချိုးဖောက်တာတွေ ရှိတယ်၊ မရှိဘူး ဒီလိုတော့ ယတိပြတ်ပြောလို့ မရဘူး။ တစ်ဖက်က ဘာပြန်ရှိသလဲဆိုတော့ ဒီလူတွေ အသိုင်းအဝိုင်းကနေပြီးတော့ စွပ်စွဲနေတဲ့ဟာတွေက ကျွန်တော်တို့လည်း သတင်းတွေ ရနေတယ်။ ဒါပေမယ့် ဒါတွေက စွပ်စွဲချက်တွေသက်သက်ပဲ။ ခိုင်လုံတဲ့သတင်းအချက်အလက်တွေနဲ့ ထွက်ပေါ်လာတာမရှိဘူး"ဟု အဆိုပါ VOA အစီအစဉ်တွင် သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။

ဦးရွှေမောင်ကတော့ "ကမ္ဘာပေါ်မှာ ကိုယ့်အိမ်ကို မီးရှို့တဲ့သူ လုံးဝမရှိပါဘူး"ဟု ငြင်းဆိုနေဆဲ ဖြစ်သည်။ ၂၀၁၂ ခုနှစ်ကလည်း ခိုင်မာသောသက်သေများနှင့် မိမိတို့အိမ်များကို ကောက်ရိုးထုံးများတင်၍ မီးရှို့ကြောင်း သက်သေသာဓကနှင့် အခိုင်အမာပြောဆိုရှင်းလင်းချက်ကိုလည်း ယခုအထိ ငြင်းဆိုနေဆဲ ဖြစ်သည်။

ANP ရခိုင်အမျိုးသားပါတီမှ ဦးထွန်းအောင်ကျော်က "ကျွန်တော်ကတော့ မြေပြင်အခြေအနေကိုပဲ ပြောချင်ပါတယ်။ အခုကြည့်၊ အကြမ်းဖက်တဲ့သူတွေကို ဖမ်းမမိသေးဘူး။ အဲဒီလူတွေက ရွာထဲတွေမှာ ခိုအောင်းနေတယ်။ ရွာတစ်ရွာကို လုံခြုံရေးအဖွဲ့တွေ ရဲတို့၊ တပ်တို့ သွားတဲ့အချိန်မှာ ကိုယ့်အသက်၊ သူ့အသက်လုရတဲ့ အခြေအနေမျိုးမှာ အဲဒီအချိန်မှာ မိန်းကလေးတစ်ယောက်ကို မုဒိမ်းကျင့်တဲ့အခြေအနေပေးမှာလား။ အခုစွပ်စွဲတာတွေဟာ အခြေအမြစ်လုံးဝမရှိဘူးလို့ ကျွန်တော့်အနေနဲ့ပြောနိုင်တယ်"ဟုဆိုခဲ့သည်မှာ ရှင်းလင်းလွယ်ကူသော အမြင်၊ လယ်ပြင်တွင် ဆင်သွားသလို ရှင်းလင်းလှသောအမြင်ဟု ဆိုချင်ပါကြောင်း။



မောင်တောဒေသတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ်။

စာ
ပေ
မြှင့်
မှ
လူ
မျိုး
တင့်
မည်




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၈၂၀၀၀ | - | ၈၈၂၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၈၂၀၀၀ | - | ၈၈၂၀၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၉. ၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၆၇၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၄. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၀၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၂. ၀၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၄. ၅၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းအစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ)ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည် -

(က) ကနဦးမှတ်ပုံတင်ယာဉ်များစစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သည့် ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)များ တပ်ဆင်ပါရှိရမည်။ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)တပ်ဆင်ပါရှိရမည်။ Pick Up, Light Truck, Truck, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt)မဖြစ်မနေ တပ်ဆင်ပါရှိရမည်။ ကျောင်းသားများ သယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus)များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ်(Express Bus)များအားလုံး ယာဉ်မောင်းနှင်စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာအသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့မှစတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆)ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ(Seat Belt)ကို မပျက်မကွက်ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆)ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

## မသက်ဘွယ်ရာ ဘင်္ဂါလီ နှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခန့်တွင် နွားရုံတောင်ကျေးရွာ၏ အရှေ့ဘက်မီတာ ၂၀၀၀ ခန့်အကွာ၌ မောင်တောမြို့နယ် ဇူလကျေးရွာနေ မသက်ဘွယ်ရာ ဘင်္ဂါလီများဖြစ်သည့် ကာလူမီဟာ(ဘ) မာမတ်အီစမာနှင့် ဂျာမူဟူဆောင်း (ဘ) နိုဟူဆောင်းတို့ နှစ်ဦးအား ဝါဒဖြန့် အသံဖိုင်ပါ တယ်လီဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ဘင်္ဂါလီနှစ်ဦးအား တရားဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေး နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဌာနချုပ်(ကျီးကန်းပြင်)သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ကာလူမီဟာ



ဂျာမူဟူဆောင်း

## ကျေးလက်ဒေသ လမ်းနှင့်တံတား ဆောက်လုပ်မှုကြည့်ရှု

**သီပေါ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (တောင်ကြီး)အဖွဲ့သည် အောက်တိုဘာ ၂၉ ရက်က သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောင်မြင်ခိုင်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မူးလေးလမ်း ကျောက်ချော့ခင်းခြင်း (၁/၄ ဒသမ ၅)မိုင် ငွေကျပ် ၁၁၂ ဒသမ ၇၁ သန်း၊ ညောင်ပင်ကွင်း-ရွာသစ်ကွန်ကရစ်တံတား ပေ ၄၀ တစ်စင်း ငွေကျပ် ၃၁ ဒသမ ၁၂ သန်းနှင့် မိုင်းလင်း-ကုန်းသာလမ်း ကျောက်ချော့ခင်းခြင်း ၁ ဒသမ သုညမိုင် ငွေကျပ် ၇၂ ဒသမ ၃၇၅ သန်း တင်ဒါအောင်မြင်သော Silver Mark ကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ (e-B-R) တိုင်းကိရိယာများဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ် ကျေးလက်ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာနှင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**မီးဘေးရှောင်**
**မလောင်ခင်တား**

## ရန်ကုန်မြို့ ၅၂ လမ်း(အောက်လမ်း)၌ မီးလောင်ကျွမ်းမှုဖြစ်ပွား



**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် ၅၂ လမ်း (အောက်လမ်း)၌ ယနေ့ည ၈ နာရီ ၄၅ မိနစ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် အမှတ်(၄၅)တိုက်ခန်း မြေညီထပ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ကျွမ်းရာသို့ မီးသတ်တိုင်းဦးစီးမှူး ဦးသော်ဒါနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့က မီးသတ်ယာဉ် ၁၂ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၉ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ သိန်းဖိုးခန့် ဆုံးရှုံးခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားနေစဉ်အတွင်း လျှပ်စစ်မီးပြတ်တောက်နေကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုဖြစ်ရခြင်းအကြောင်းအရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**(ဌေးအောင်)**

# လမ်းခွဲပြန်ပြီလား တေလာရယ်




အမေရိကန်ပေါ့ပ်အဆိုတော်တေလာဆွစ်ဟာ လွန်ခဲ့တဲ့ သုံးလခန့်ကစပြီး ချစ်သူတွေအဖြစ် လက်တွဲခဲ့တဲ့ သရုပ်ဆောင်မင်းသား တွမ်ဟစ်ဒဲစတန်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဟောလိဝုဒ်ဂေါ့ဇစ်အွန်လိုင်းသတင်းစာက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းက စတင်လက်တွဲခဲ့ပြီး ချစ်သူသက်တမ်းတစ်နှစ်ကျော်ချိန် ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာ တေလာက ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်ကို လမ်းခွဲခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်အတွင်း ချစ်သူနှစ်ယောက်တောင် လမ်းခွဲခဲ့တဲ့ တေလာကို လမ်းခွဲပြန်ပြီလား တေလာရယ်လို့သာ မေးလိုက်ချင်ပါတော့တယ်။

ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ တွမ်နဲ့ တေးဂီတလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်တဲ့တေလာတို့စုံတွဲဟာ စိတ်သဘောထားချင်း မတိုက်ဆိုင်ရာကနေ လမ်းခွဲဖို့ဖြစ်လာရတာပါ။ တွမ်က သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို လူသိရှင်ကြားဖြစ်စေလိုပေမယ့် တေလာကတော့ မီဒီယာတွေရဲ့ မျက်လုံးတွေအောက်ကနေ အမြဲရှောင်ချင်တဲ့သူပါ။ လွန်ခဲ့တဲ့ သီတင်းပတ်တွေတုန်းက သြစတြေးလျမှာ တွမ်ရဲ့ရုပ်ရှင် "Thor: Ragnarok" ကို သွားရောက်ရိုက်ကူးစဉ်ကတော့ သူတို့နှစ်ဦးကို တပူးတွဲတွဲတွေ့ခဲ့ရသေးပေမယ့် မကြာသေးမီက ကတောက်ကဆတ်ဖြစ်ကြကာ လမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့ရတာဖြစ်ပါတယ်။

အသက်(၂၆)နှစ်အရွယ် တေလာဟာ ဟောလိဝုဒ် အကျော်အမော်များစွာနဲ့ လက်တွဲခဲ့ဖူးပြီး သူနဲ့လမ်းခွဲခဲ့သူတွေထဲမှာ တေးရေးဂျွန်မေရာ၊ "One Direction"အဖွဲ့ဝင် ဟယ်ရီစတိုင်တို့လည်း ပါဝင်ပါတယ်။ ဇာတ်လမ်းတွေ များစွာနဲ့ တေလာဟာ လတ်တလောမှာလည်း ရက်ပ်ပါတစ်ဦး ဖြစ်သူ ဒရိတ်ခ်နဲ့ တွဲနေတယ်ဆိုတဲ့ ကောလာဟလတွေလည်း ပေါ်ထွက်နေတာကြောင့် ဟောလိဝုဒ်မီဒီယာတွေကို ဖမ်းစားထားနိုင်တဲ့ နာမည်ကျော်တစ်ဦးဖြစ်နေပါတယ်။



# စနိုးဝှိုက်ရုပ်ရှင်ကို ပြန်လည်ဆန်းသစ်မည်

ဒစ်စနေရဲ့ အောင်မြင်တဲ့ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ခုဖြစ်တဲ့ "Snow White" ရုပ်ရှင်ကို လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြောင်းလဲရိုက်ကူးသွားရန် ပြင်ဆင်လျက်ရှိပြီး ဇာတ်လမ်းပိုင်းနဲ့ တေးသီချင်းပိုင်းတွေမှာပါ ပြောင်းလဲမှုတွေပြုလုပ်သွားမှာဖြစ်ကြောင်း သယ်ဟောလိဝုဒ်ရက်ပေါ်တာသတင်းစာက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်သစ်အတွက် ဇာတ်ညွှန်းကို"The Girl on the Train" ရုပ်ရှင်ရဲ့ဇာတ်ညွှန်းဆရာ အယ်ရင်ခရစ်စီဒါဝဲလ်စန်က တာဝန်ယူရေးသားပေးမှာဖြစ်ပြီး တေးသီချင်းသစ်အတွက် "La La Land" ရဲ့ တေးရေးဆရာတွေဖြစ်ကြတဲ့ ဘန်ဂျ်ပါစီနဲ့ ဂျက်စတင်ပေါလ်တို့က ရေးသားပေးမှာဖြစ်တယ်လို့ သိရပါတယ်။

"Snow White"ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ကြမယ့် အနုပညာရှင်တွေနဲ့ တာဝန်ယူရိုက်ကူးပေးမယ့် ဒါရိုက်တာတွေကိုတော့ မရွေးချယ်ရသေးကြောင်းနဲ့ အသေးစိတ်အချက်အလက်တွေကိုလည်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း အဆိုပါ မီဒီယာက ဆိုပါတယ်။

ဒစ်စနေရဲ့ အခြားကျော်ကြားတဲ့ရုပ်ရှင်တစ်ကားဖြစ်တဲ့ ဟယ်ရီပေါ်တာ မင်းသမီးချောလေး အမ်မာဝပ်ဆန်ပါဝင်သရုပ်ဆောင်ထားတဲ့ "Beauty and the Beast"ကိုတော့ လာမယ့် ၂၀၁၇ ခုနှစ် မတ် ၁၇ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။



**တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACKPINK"က သူတို့ရဲ့တေးသီချင်းသစ်နှစ်ပုဒ်ဖြစ်တဲ့ "Playing With Fire" နဲ့ "Flying"အတွက် ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေ ထုတ်လွှင့်ပြသခဲ့ပြီးနောက် ယင်းတေးဗီဒီယိုသစ်နှစ်ပုဒ်ကို အွန်လိုင်းကနေတစ်ဆင့် စတင်ထုတ်လွှင့်ပြသလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။**

# အိမ်သစ်ကို ရှာဖွေနေတဲ့ ဘရက်ပစ်

ဟောလိဝုဒ်ရဲ့ အကျော်ကြားဆုံး စုံတွဲရယ်လို့ ဆိုနိုင်တဲ့ မင်းသမီးအန်ဂျလီနာဂျိုလီနဲ့ ခင်ပွန်းဖြစ်သူ သရုပ်ဆောင်မင်းသားချော ဘရက်ပစ်တို့ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ပြီးတဲ့နောက် ဂျိုလီက ပြီးခဲ့တဲ့ စက်တင်ဘာလကုန်ပိုင်းက နှစ်ဦးနေထိုင်ရာအိမ်မှ ဆင်းသွားကာ လော့စ်အိန်ဂျလိစ်မှာ သီးသန့်နေထိုင်လျက်ရှိပါတယ်။ ဂျိုလီက ကလေးခြောက်ယောက်ကိုပါ သူနဲ့အတူ ခေါ်ဆောင်သွားတာကြောင့် ဘရက်ပစ်ဟာ တစ်ကိုယ်တည်းသမားဘဝ ပြန်လည်ရောက်ရှိသွားပြန်တယ်။ ယခင်နေထိုင်ခဲ့တဲ့အိမ်က တစ်ကိုယ်တည်းသမားတစ်ဦးအတွက် အလွန်ကို ကြီးကျယ်နေတဲ့အတွက် သင့်တော်မယ့်တိုက်ခန်းမျိုးကို ရှာဖွေလျက်ရှိကြောင်း ဟောလိဝုဒ်လိုက်ဖ် ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် ဒီလိုမိသားစုနဲ့ နေထိုင်လာခဲ့ရာကနေ တစ်ယောက်တည်းပြန်ဖြစ်သွားတဲ့အတွက် ဆုံးရှုံးမှုဒဏ်ကို ခံစားနေရကြောင်းနဲ့ မိသားစုနဲ့အတူနေခဲ့တဲ့ သူပိုင်တဲ့အိမ်ကြီးကို ရောင်းချဖို့ရာ စီစဉ်နေကြောင်းလည်း သိရပါတယ်။

ဘရက်ပစ်နဲ့ ရင်းနှီးသူတစ်ဦးကလည်း လတ်တလောရင်ဆိုင်နေရတဲ့ဘဝဟာ သူ့အတွက် ခက်ခဲလွန်းတဲ့ဘဝဖြစ်ပြီး စိန်ခေါ်မှုများစွာနဲ့ တွေ့ကြုံနေရကာ အမှတ်တရသစ်တွေကိုသာ ဖန်တီးလိုတဲ့အတွက် အသက်(၅၂)နှစ်အရွယ်မင်းသားက အိမ်သစ်ကိုသာ ပြောင်းရွှေ့လိုကြောင်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဘရက်ပစ်ဟာ အေးစက်မာကျောတဲ့အကျင့်စရိုက်ရှိတဲ့ ဂျိုလီကြောင့် အတူနေထိုင်ခဲ့စဉ်ကာလအတွင်းမှာ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ အဆက်အသွယ်တွေပြတ်သွားခဲ့ရတယ်လို့လည်း အော့စ်ရှိုးဘစ်ဇ် ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

**အေးပြည့်ရေးသားသည်**

## မြဝတီရုပ်မြင်သံကြား

**၃-၁၁-၂၀၁၆(ကြာသပတေးနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၁၁း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၂၀ | မေတ္တာပို့ | ၁၂း၀၀ | World Wide Web |
| ၇း၂၅ | ဓမ္မပူဇာတေး | ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၂း၃၅ | သီချင်းလက်ဆောင် |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၈း၂၀ | ရှေးဟောင်းသုတ | ၄း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၃၅ | DVD Hits | ၄း၄၅ | သီချင်းလက်ဆောင် |
| ၈း၄၅ | ဇာတ်လမ်းတို | ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၉း၁၅ | လျှပ်တစ်ပြက် | ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၉း၂၅ | ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွဲ | | - မစ္စကိုရီးယား အပိုင်း(၂၀) |
| ၉း၅၀ | Casual Talk | | - ဘောလုံးကန်ကြမယ် |
| ၁၀း၁၅ | မေးမြန်းစူးစမ်း | | - အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ |
| ၁၀း၃၅ | Cooking Art | | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၁၁း၁၀ | သူနှင့်သူ၏သီချင်းများ | | - ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၁၆) |
| ၁၁း၂၅ | မြန်မာ့ရှုခင်း | | |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် | | |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၃-၁၁-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | "ပင်လယ်ပျော်တို့ နားခိုရာဆီ" |
| ၈း၃၅ | "နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားမန္တလေးမြို့သာ စက်မှုဥယျာဉ်နှင့် ဆီမီးခုံဆိပ်ခံတံတား" |
| ၉း၃၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၉း၅၀ | ASEAN Spotlight |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၁၅ | Graphic Info (Stock Exchange) (အထက်လူကြီးနှင့် ခေါင်းဆောင်ကွာခြားချက်) |
| ၁၁း၃၅ | အထွေထွေသုတနှင့် ကျန်းမာရေး (ချင်းအကြောင်း) |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၂၄) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၃၂) |
| ၂း၁၀ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အပြောင်းအလဲကလေး" (ဒေါ်ခင်ခင်ကြီး၊ ရဲလင်း၊ ရွှေဖူးစာ) ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ) |
| ၂း၃၅ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၃၃) |
| ၄း၁၅ | "ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ" (အလယ်တန်းကစားသမား) (အပိုင်း-၂) |
| ၄း၃၅ | Football Magazine (ရှမ်းယူနိုက်တက်အသင်း) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၃၄) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာအသင်း မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၃၃) - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မန်စီးတီးအားအရေးနိမ့်သည့်ပွဲစဉ်တွင် ဂိုးသမား တာစတီဂန်၏ဘောလုံးပေးပို့မှုနှင့် ထိတွေ့မှုအကြိမ် ဆွာရက်ဇ်ထက်ပင်များပြားနေ

မန်စီးတီးအား အရေးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘာစီလိုနာဂိုးသမားတာစတီဂန်မှာ ဘောလုံးထိတွေ့မှုနှင့် ပေးပို့မှုတွင် အဓိကတိုက်စစ်မှူး ဆွာရက်ဇ်ထက်ပင်များပြားနေရာ ဘာစီလိုနာအသင်း၏ အဓိကဘောလုံးပေးပို့ဖြန့်ဖြူးမှုအပိုင်း၌ ဂိုးသမားတစ်ဦး၏ အခန်းကဏ္ဍပိုမိုပါဝင်လာခဲ့ပြီဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းကဖော်ပြသည်။အဆိုပါပွဲစဉ်၌ တာစတီဂန်မှာ ဘောလုံးပေးပို့မှု ၄၅ ကြိမ်အထိ ပြုလုပ်ခဲ့ရာ ယင်းပမာဏမှာ မက်ဆီပြုလုပ်ခဲ့သည့်အရေအတွက်နှင့် တူညီခဲ့ပြီး ဆွာရက်ဇ်ထက်ဆိုလျှင် ၂၂ ကြိမ်ခန့်ပင် ပိုမိုများပြားနေခဲ့သည်။ ထို့အတူ တာစတီဂန်၏ ဘောလုံးထိတွေ့မှုမှာ အကြိမ် ၅၀ အထိ ရှိခဲ့သည့်အတွက် ဆွာရက်ဇ်ထက် ခြောက်ကြိမ်ခန့် များနေသေးသည်။

ယင်းနည်းစနစ်ပုံစံကို နည်းပြဂွါဒီယိုလာကမန်စီးတီးအသင်းတွင် ကျင့်သုံးနေပြီး မန်စီးတီးဂိုးသမား ဘရာဗိုဆိုလျှင် ဘောလုံးကိုင်ကစားလွန်းသည့် ဂိုးသမားဖြစ်ခြင်းကြောင့် ၎င်းအား ကွင်းလယ်ဖန်တီးရှင်တစ်ဦး အဖြစ်ပင် အားကစားမီဒီယာများက အမည်တပ်ခဲ့ကြသည်။ ဂွါဒီယိုလာ၏ နည်းစနစ်အရ ဘောလုံးဖြန့်ဖြူးမှုကို ဂိုးသမားမှစတင် ပြုလုပ်ရလေ့ရှိသည့်အတွက် အဆိုပါနည်းဗျူဟာနှင့် ကျွမ်းဝင်ပြီးဖြစ်သည့် ဘာစီလိုနာဂိုးသမား ဘရာဗိုအားခေါ်ယူကာ မန်စီးတီး နံပါတ်(၁)ဂိုးသမား ဂျိုးဟတ်ကို တိုရီနိုသို့ အငှားချကစားခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအား ချေးကမ့်ကွင်းတွင် သွားရောက်ရင်ဆိုင်သည့် ပွဲစဉ်အတွင်း ဘရာဗိုမှာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး မန်စီးတီးလည်း လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ရရာ ဂျိုးဟတ်သာရှိလျှင် ယင်းဖြစ်ရပ်မျိုး ဖြစ်မည်မဟုတ်ဟု အင်္ဂလန်မီဒီယာများက ပြစ်တင်ဝေဖန်ရေးသားခဲ့သည်။



### နိုဝင်ဘာ ၄ ရက် ယှဉ်ပြိုင်ကစားမည့်ယူရိုပါလိဂ်ပွဲစဉ်များ

| | | |
|---|---|---|
| အက်စ်တာနာ - အိုလံပီယာကို့စ် | | ည-၁၀း၃၀ |
| ဘီဘာအို - ဂျန့်ခ် | | နံနက်-၀၀း၃၀ |
| ဆာစူအိုလို - ရက်ပစ်ဗီယန် | | နံနက်-၀၀း၃၀ |
| ဩစကြီးယားဗီယန်- ရိုးမား | | နံနက်-၀၀း၃၀ |
| အက်စထနာ - ပလာဇန် | | နံနက်-၀၀း၃၀ |
| ဇင်းနစ် - ဒန်ဒေ့ါခ် | | နံနက်-၀၀း၃၀ |
| မက္ကာဘီတဲလ်အဗစ် - အယ်လ်ကမာ | | နံနက်-၀၀း၃၀ |
| အေပိုးလ် - ယန်းဘွိုင်းစ် | | နံနက်-၀၀း၃၀ |
| ဖီနာဘာချီ - မန်ယူ | | နံနက်-၀၀း၃၀ |
| ဇော်ယာ - ဗီယင်နေ့ဒ် | | နံနက်-၀၀း၃၀ |
| ကာဘာလာ - စိန့်အက်တီယန် | | နံနက်-၀၀း၃၀ |
| အန်ဒါလက်ချ် - မိန့်ဇ် | | နံနက်-၀၀း၃၀ |
| အေဂျက်စ် - ဆယ်တာဗီဂို | | နံနက်-၂း၃၅ |
| ပါနာသီနိုင်ကို့စ် - စတန်းဒက်လီဂီ | | နံနက်-၂း၃၅ |
| ဇူးရစ်ချ် - စတူအာဘူခါရက် | | နံနက်-၂း၃၅ |
| ဗီလာရီးယဲလ် - အိုစမန်လီစပေါ | | နံနက်-၂း၃၅ |
| စပါတာပရာဟာ - ဟားပိုးလ်ရှီဗာ | | နံနက်-၂း၃၅ |
| ဆောက်သမ်တန် - အင်တာမီလန် | | နံနက်-၂း၃၅ |
| ဂျန့် - ရှက်တာဒိုးနက် | | နံနက်-၂း၃၅ |
| ဘရာဂါ - ကွန်ယာစပေါ | | နံနက်-၂း၃၅ |
| ဖီအိုရင်တီးနား - ဆလိုဗန်လီဘာရက် | | နံနက်-၂း၃၅ |
| PAOK - ကာရာဘတ် | | နံနက်-၂း၃၅ |
| ရှော်လ်ကေး - ခရက်စ်နိုဒါ | | နံနက်-၂း၃၅ |
| နိုက်စ် - ဆဲလ်ဘတ် | | နံနက်-၂း၃၅ |

မောင်မောင်ဇော်

## အိုဇေးလ်ရဲ့ ဂိုးကြောင့် မျက်ရည်ကျတဲ့အထိ စိတ်လှုပ်ရှားရတဲ့ အာဆင်နယ်ပရိသတ်

လူဒိုဂိုးရက်ဇ်နှင့် အာဆင်နယ်အသင်းတို့ ရင်ဆိုင်ခဲ့ရသည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အာဆင်နယ်သည် ပွဲအစ ၁၅ မိနစ်အတွင်း နှစ်ဂိုးခွင့်ပြုခဲ့ရပြီးမှ ဇာကာ၊ ဂီရော့ဒ်တို့က ချေပဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၈၇ မိနစ်တွင် အိုဇေးလ်၏ အရည်အသွေးမြင့်သွင်းဂိုးကြောင့် အာဆင်နယ် ပရိသတ်တစ်ဦး မျက်ရည်ကျခဲ့ရသည်အထိ ဖြစ်ခဲ့ကြောင်း တွစ်တာ စာမျက်နှာပေါ်တွင်ရေးသားခဲ့သည်။ လူဒိုဂိုးရက်ဇ်အသင်းသည် ပထမအကျော့တွင် အာဆင်နယ်အား ဂိုးပြတ်အရေးနိမ့်ခဲ့ရသော်လည်း ယခု ဒုတိယအကျော့ ပွဲစဉ်၌ အကောင်းဆုံး ပြန်လာနိုင်ခဲ့ပြီး အာဆင်နယ်ဂိုးသမားအော့စပီနာ ကောင်း၍သာနောက်ထပ်နှစ်ဂိုးလောက် ထပ်မံခွင့်ပြုပေးရမည့်အရေးကို အာဆင်နယ် ရှောင်လွှဲနိုင်ခဲ့ခြင်းဖြစ်သည်။

လူဒိုဂိုးရက်ဇ်မှာ ဒုတိယပိုင်းတွင် ပွဲကို လွှမ်းမိုးခဲ့သော်လည်း အိုဇေးလ်၏



ပါးနပ်လွန်းသည့် သွင်းဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ခွင့်ပြုခဲ့ရခြင်းကြောင့် အာဆင်နယ်ပရိသတ်များ မျက်ရည်ကျခဲ့ရသည်အထိ ဖြစ်ခဲ့သလို ယင်းသွင်းဂိုးက ပရိသတ်များကို အသက်ရှူမှားလောက်အောင် ကောင်းမွန်ခဲ့ခြင်းကြောင့် ပြီးပြည့်စုံသည့် ညချမ်းကိုဖန်တီးနိုင်ခဲ့ကြောင်း အာဆင်နယ်အသင်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့ကြသည်။ အယ်လ်နနီကပေးပို့မှုကို အိုဇေးလ်က အပြေးပိတ်သွင်းပြီး အာဆင်နယ်ကို အနိုင်ရလဒ်ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ အိုဇေးလ်မှာ လူဒိုဂိုးရက်စ်နှင့် ပထမအကျော့တွေ့ဆုံစဉ်ကလည်း တစ်ဦးတည်း သုံးဂိုး သွင်းယူနိုင်ခဲ့ပြီးဖြစ်သလို ဇာကာသွင်းယူခဲ့သည့် ပထမဦးဆုံး ချေပဂိုးကိုလည်း အိုဇေးလ်ဖန်တီးပေးခဲ့ခြင်းဖြစ်ရာ လူဒိုဂိုးရက်စ်နှင့် တွေ့ဆုံတိုင်းခြေစွမ်းပြနိုင်သည့် ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ငါးပွဲအတွင်း ရရှိခဲ့သည့် သွင်းဂိုးရှစ်ဂိုးတွင် အိုဇေးလ်မှာ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ခဲ့ပြီး သွင်းဂိုးငါးဂိုးကိုယ်တိုင်သွင်းယူခဲ့သလို ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ပေးခဲ့သည်ကို တွေ့ရသည်။

## ကမ္ဘာ့အကောင်းဆုံးအသင်းကို အနိုင်ယူနိုင်ခဲ့ခြင်းဟု ဂွါဒီယိုလာ ဝင့်ကြွား



မန်စီးတီးအသင်းသည် ဘာစီလိုနာအား အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မိမိတို့အသင်းမှာ ကမ္ဘာ့အကောင်းဆုံးအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ပြောကြားလိုက်သည်။ မန်စီးတီးသည် ပြီးခဲ့သည့်လက ဘာစီလိုနာအားလေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ဘာစီလိုနာအား ပြန်လည်အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂွါဒီယိုလာက ဘာစီလိုနာအား အနိုင်ရရှိခဲ့ခြင်းမှာ အင်မတန်အရေးပါသည့် နိုင်ပွဲဖြစ်ခဲ့သလို ဂလာဘတ်သည်လည်း ဆဲလ်တစ်နှင့် သရေကျခဲ့ခြင်းကြောင့် မန်စီးတီး အသက်ရှူအနည်းငယ်ချောင်ခဲ့ရခြင်းဖြစ်ကြောင်း ဆိုသည်။ မန်စီးတီးသည် ယခုပွဲစဉ်အနိုင်ရရှိခဲ့ခြင်းကြောင့် ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စု(C)ဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီဖြစ်ရာ လက်ကျန်နှစ်ပွဲမှ ရမှတ်သုံးမှတ် ထပ်မံစုဆောင်းနိုင်လျှင် နောက်တစ်ဆင့်သို့ သေချာပေါက် တက်လှမ်းနိုင်မည်ဖြစ်သည်။

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက ဘာစီလိုနာအတွက် ဦးဆောင်ဂိုးကို စတင်သွင်းယူနိုင်ခဲ့သော်လည်း ဂန်ဒိုဂန်က ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီးနောက် ဒီဘရိုင်းနှင့်ဂန်ဒိုဂန်တို့ကပင် မန်စီးတီးအတွက် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။ မန်စီးတီးသည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခြောက်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ပြီး ရလဒ်ပိုင်း ယိမ်းယိုင်ခဲ့သေးသည်။ သို့သော် ပရီမီယာလိဂ် ပွဲစဉ်(၁၀)တွင် ဝက်စ်ဘရွန်းအားလေးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီးနောက် ယခုလည်း ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်သည့် ဘာစီလိုနာအား ပြတ်ပြတ်သားသားအနိုင်ယူနိုင်ခဲ့သည်။

## လန်ဒန်အားကစားကွင်းကြီး စရိတ်ပိုမိုကျခံသုံးစွဲခြင်း ကိစ္စရပ်ကို စစ်ဆေးသွားမည်

ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းဖြစ်သည့် လန်ဒန်အားကစားကွင်းကြီးခေါ် အိုလံပစ်ကွင်းကြီးအတွက် တင်ပြထားသည့် ခန့်မှန်းကုန်ကျစရိတ်ထက် ပေါင်သန်း ၅၀ ပိုမိုကျခံသုံးစွဲခဲ့ခြင်း ကိစ္စရပ်ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ဆာဒီခန်ကအတည်ပြုကြေညာလိုက်သည်။ ၂၀၁၅ ခုနှစ်တွင် လန်ဒန်မြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့သူ ဘောရစ်ဂျွန်ဆင်က ယင်းကွင်းသစ်ကြီးအတွက် ပေါင်၂၇၂ သန်း ကုန်ကျမည်ဟု ပြောကြားခဲ့သော်လည်း ယခုမူ ပေါင်၃၂၃သန်းကုန်ကျခဲ့ခြင်းကြောင့် မြို့တော်ဝန်သစ် ဆာဒီခန်က ယင်းကိစ္စရပ်ကို စစ်ဆေးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယင်းသို့စစ်ဆေးရာတွင် ပွဲကြည့်ထိုင်ခုံများပြန်လည်နုတ်သိမ်းခြင်းအပါအဝင် အခြားရွှေ့ပြောင်း ကုန်ကျစရိတ်များကိုပါ ထည့်သွင်းတွက်ချက်သွားမည် ဖြစ်သည်။ မြေပြုပြင်စရိတ်နှင့် အခြားပြန်လည် တည်ဆောက်ရေးစရိတ်များကြောင့် ခန့်မှန်းကုန်ကျစရိတ်ထက် ပိုမိုကုန်ကျခံရလေ့ရှိသလို ပွဲကြည့်စင်နှင့်ကွင်းအကွာအဝေး ဝေးကွာလွန်းခြင်းများအတွက် ပြန်လည်တည်ဆောက်ရခြင်းများမှာ လည်း ကုန်ကျ စရိတ် ပိုမိုကျခံရလေ့ရှိသည့်အကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း ကစားကွင်း ၃၀ တည် ဆောက်ခဲ့သူ ဖလက်ချာ၏ ပြောကြားချက်အရ သိရသည်။

လန်ဒန်ပိုင်ဆိုင်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း(LLDC) နှင့် လန်ဒန်အခွန်ဆောင်သူများအဖွဲ့အစည်းက အဆိုပါ ထပ်တိုးကုန်ကျစရိတ်ကို ပေးချေရမည်ဖြစ်သော်လည်း ဝက်စ်ဟမ်းအသင်းသည်လည်း ကွင်းသစ်ကြီး တစ်နှစ် ငှားရမ်းခ ပေါင် ၂ ဒသမ ၅ သန်းပေးချေရမည့်အပြင် နောက်ထပ် ထပ်ဆောင်းစရိတ်ပေါင် ၁၅ သန်းကိုပါ ပေးချေရမည်ဖြစ်သည်။

မေလဲ့သင်း - ရေးသားသည်။

## မန်ချက်စတာမြို့ရှိ ဘာစီလိုနာအသင်းတည်းခိုသည့် ဟိုတယ်သို့ ကော်တင်ဟို သွားရောက်လည်ပတ်

ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအတွက် အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပအသင်းကြီးများ၏ ပစ်မှတ်ဖြစ်လာသူ ကော်တင်ဟိုမှာ ဘာစီလိုနာအသင်းတည်းခိုရာ ဟိုတယ်သို့ တကူးတက သွားရောက်လည်ပတ်ခဲ့သည့်အတွက် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများ ပြုနေသည်ဟူသော မှန်းဆချက်များ ထွက်လာခဲ့သည်။ သို့သော် ဘရာဇီးနိုင်ငံသား ကော်တင်ဟိုက လီဗာပူးအသင်းဖော်ဟောင်း ဆွာရက်ဇ်ကို တွေ့ဆုံရန်အတွက်သာ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ဓာတ်ပုံနှင့်တကွ "သူငယ်ချင်းမင်းကို တွေ့ဆုံရတာ သိပ်ကောင်းပါတယ်" ဟူသော စာသားကို ရေးသားဖော်ပြခဲ့သည်။ ထို့ပြင်ကော်တင်ဟိုမှာ မက်ဆီ-ဆွာရက်ဇ်-နေမာ တိုက်စစ်အတွဲ(MSN) မှနေမာ၏ ဘရာဇီးအသင်းကစားဖော်တစ်ဦးလည်း ဖြစ်သည်။



## ရန်ကုန်၊ မန္တလေး ပန်းချီဆရာများပူးပေါင်း၍ ခဲပန်းချီပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးမြို့မှ 3D Street Art ကိုလှိုင်းညီ၊ Graffiti Art ကိုလင်းပင်ဇော်၊ ခဲပန်းချီ ကိုလင်းလက်ပိုင်တို့နှင့်အတူ ရန်ကုန်မြို့မှ ခဲပန်းချီဆရာများဖြစ်သော ဆရာဗိုလ်ကလေးဌေးလွင်၊ 3Pelcil Group မှ ကိုရဲရင့်ဟိန်း၊ ကိုစိုးဝေယံမြင့်နှင့် ကိုဇင် (Blue Tree Art) တို့နှင့် အတူ ကိုမင်းသိုက်ထွန်း၊ ကိုဟိန်းဇော်အောင်၊ ကိုငြိမ်းချမ်းမင်းတို့ပါဝင်ပြသသည့် 'အရှုးလွယ်အိတ်' ခဲပန်းချီပြပွဲဖွင့်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား ဒဂ်ါးဟိုတယ် အပေါ်ဆုံးထပ်၌ ကျင်းပရာ မန္တလေး ပန်းချီပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ပန်းချီဆရာကြီးများ တက်ရောက်အားပေးသည်။

ခဲပန်းချီပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီပန်းပုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီအနုပညာ ချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ခဲပန်းချီပြပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသခဲ့ပြီး လာရောက်အားပေးသူများကိုလည်း ပုံတူပန်းချီကားများ လက်တွေ့ဆွဲပေးကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကနီမြို့နယ်အတွင်းရှိ ပျားပုံးများ နိုဝင်ဘာလလယ်တွင် ရွှေ့ပြောင်းပေးရမည်

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း ယခုလက်ရှိ လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းရှင်များ၏ ပျားပုံးများအား နိုဝင်ဘာ ၁၅ ရက်ရွှေ့ပြောင်းပေးရန်နှင့် ကလေးဒေသနှင့် ကသာဒေသတို့သို့ ထွက်ခွာမည့် လုပ်ငန်းရှင်များအနေဖြင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေ ကောင်းမွန်သည်အထိ စောင့်ဆိုင်းလိုပါက တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ထပ်မံ တင်ပြခွင့်ပြုချက်ယူရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသဘောတူညီမှုကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ကနီမြို့နယ် ချောင်းမကျေးရွာရှိ မြို့နယ်ပျားလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပျားလုပ်ငန်း)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စံထွေးနှင့် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တွေ့ဆုံပွဲတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနဲ့ တာဝန်ရှိသူတွေ ဝင်ရောက်ဖျန်ဖြေပေးမှုနဲ့ နိုဝင်ဘာ ၁၅ ရက်ထွက်ခွာဖို့ သဘောတူညီမှုရခဲ့တာပါ။ အခုအခြေအနေက ဒီဒေသမှာ ပျားလုပ်ငန်းရာသီကလည်း ပြီးသလောက်ရှိနေပါပြီ။ ရာသီဥတုဖောက်ပြန်ပြီး မိုးရွာသွန်းမှုကြောင့် ပျားပုံးတွေ ရွှေ့ပြောင်းမှုအခက်အခဲရှိလို့ ကြန့်ကြာနေတာပါ။ ထက်ဝက်လောက်ကတော့ ရွှေ့ပြောင်းပြီးပါပြီ။ ကလေးနဲ့ ကသာဒေသတွေကို ရွှေ့ပြောင်းကြမယ့်သူတွေက လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကြာနေတာပါ။ အခုကသတ်မှတ်ရက်အတွင်းမှာ အပြီးရွှေ့ပြောင်းကြဖို့အတွက်ရယ်။ သွားလာရေးအခက်အခဲရှိတဲ့ ဒေသတွေအတွက် သွားလာမှုအဆင်ပြေတဲ့အထိ စောင့်ဆိုင်းနိုင်ဖို့အတွက်ကိုလည်း သက်ဆိုင်ရာကို တင်ပြပြီး စောင့်ဆိုင်းခွင့်ရရှိဖို့ကိုလည်း သဘောတူညီမှုရခဲ့ပါပြီ"ဟု တိုင်းဒေသကြီး ပျားမွေးမြူရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြောသည်။

ကနီမြို့နယ်အတွင်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင်များ၏ ပျားပုံးများအား ဒေသခံတောင်သူများ၏ ကန့်ကွက်မှုကြောင့် အောက်တိုဘာ ၂၅ ရက်တွင် အပြီးရွှေ့ပြောင်းကြရန် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၏ လက်မှတ်ဖြင့် အမိန့်စာထုတ်ပြန်ထားခဲ့သော်လည်း အဆိုပါရက်များတွင် ရာသီဥတုဖောက်ပြန်ပြီး မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ရွှေ့ပြောင်းရန် အခက်အခဲရှိခြင်းနှင့် ရွှေ့ပြောင်းမည့်ဒေသအချို့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိခြင်းကြောင့် ပျားပုံးများ ဆက်လက်ကျန်ရှိခြင်းကို ဒေသခံတောင်သူများ၏ ထပ်မံကန့်ကွက်မှုများရှိသဖြင့် တာဝန်ရှိသူများမှ ထပ်မံညှိနှိုင်းပေးရာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးဝန်ကြီးရဲ့ လက်မှတ်နဲ့ ထုတ်ထားတဲ့ အမိန့်စာမှာပါတဲ့ သတ်မှတ်ရက်မှာ ထွက်ခွာခြင်းမရှိလို့ ပြောတာပါ။ အခုနောက်ဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁၅ ရက်မှာ အပြီးထွက်ခွာရမယ်လို့ ထပ်ပြီးပြောပါတယ်။ အခြေအနေကို စောင့်ကြည့်မှာပါ။ တိုင်းဒေသကြီးဝန်ကြီး၊ ပျားလုပ်ငန်း ဒုညွှန်ချုပ်နဲ့ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေဝင်ရောက်ပြီး ညှိနှိုင်းပေးတဲ့အတွက် သဘောတူညီမှုရခဲ့ပါတယ်"ဟု သမင်ခြံကျေးရွာမှ ဆီးသီးစိုက်ပျိုးရေးတောင်သူတစ်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် ပျားမွေးမြူရေးလုပ်ငန်းရာသီတွင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၉ စု၌ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းရှင် ၃၁၆ ဦးမှ ပျားပုံး ၇၉၅၈၉ ဖြင့် ချထားပြီး ပျားရည်ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ဆောင်ခဲ့ရာတွင် ဒေသခံတောင်သူများမှ သီးနှံထွက်ရှိမှုလျော့ကျသည်ဟူသော အကြောင်းပြချက်ဖြင့် စိုက်ခင်းများတွင် ပျားပုံးများချထားခြင်းကို ကန့်ကွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## ထီးချိုင့်မြို့နယ် ချွန်းတောင်ရွာလယ်ချောင်းကူးတံတား ကျောက်စီတိုင်အက်ကွဲနေသဖြင့် သွားလာရေးအတွက် ပြည်သူများစိုးရိမ်ပူပန်နေ

**ထီးချိုင့် နိုဝင်ဘာ ၂**

စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား အမှတ် (၃) ခရိုင်ချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်း ကသာခရိုင် - ထီးချိုင့်မြို့နယ်အတွင်းရှိ တံတား ၃၈ စင်းအနက် ထီးချိုင့်မြို့နယ် ချွန်းတောင်ရွာ နှစ်ရွာကိုဆက်သွယ်ထားသော တံတားတိုင် အက်ကွဲနေ၍ သွားလာရေးအတွက် ပြည်သူများ စိုးရိမ်ပူပန်နေရကြောင်း သိရသည်။

အဆိုပါတံတားသည် သံပေါင်၊ သစ်သား ကျောက်စီတိုင် တံတားအမျိုးအစားဖြစ်သည်။ ချဉ်းကပ်လမ်းခင်းထားခြင်း မရှိသေးသည့်အတွက်လည်း သွားလာရေး ခက်ခဲနေကြောင်း ချွန်းတောင်ရွာပြည်သူတစ်ဦးက ဆိုသည်။

**ထီးချိုင့်မြို့နယ်ပြန်ဆက်**

## ပုဂံဒေသရှိ ပုဂံဘုရားစေတီများကို ပြန်လည်ပြုပြင်မွမ်းမံရာတွင် အသုံးပြုရန် ငွေကျပ် ၇၁ သိန်းတန်ဖိုးရှိ 3M Safety Equipment များလှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၂**

ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေသူများအတွက် လိုအပ်လျက်ရှိသော Personal Safety Equipment များအား 3M ၏ မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Nanova Company Limited မှ Hardhat, Glove, Safety Vest နှင့် Full body harness များကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန လက်အောက်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

အဆိုပါ 3M Personal Safety Equipment များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်တွင် ပုဂံဒေသရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီဌာနရှိခန်းမ၌ ပြုလုပ်ကျင်းပရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော် တက်ရောက်၍ Nanova Company Limited (3M Authorized Myanmar) မှလှူဒါန်းသော ကျပ်ငွေ ၇၁ သိန်း တန်ဖိုးရှိ Personal Safety Equipment များအား လက်ခံရယူခဲ့သည်။

အောက်တိုဘာ ၂၆ နေ့တွင် Nanova Company Limited. မှ ပုဂံဒေသရှိရှေးဟောင်းစေတီ ပုထိုးများပြန်လည်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ပရဟိတအဖွဲ့အစည်းများအား Personal Safety Equipment ပစ္စည်းများ အသုံးဝင်ပုံနှင့် တပ်ဆင်အသုံးပြုနည်း သရုပ်ပြခြင်းများအား ပုဂံဒေသရှိ မင်္ဂလာစေတီ၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နှင်းနွယ်လှိုင်**

## လမ်းနှင့်တံတားပြုပြင်ပေးမှုကြောင့် သွားလာရေးအဆင်ပြေ

**မြင်းမူ နိုဝင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြောင်မြို့နယ် လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၂၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေပေါက်ပင်ကျေးရွာတွင်း ဂျင်းလမ်းမြေခင်းခြင်း (ပေ ၅၂၈၀ × ၁၂ ပေ × ကိုးလက်မ) နှင့် ရွှေပေါက်ပင်-ကျီကုန်းငါးပေါက်တံတား ကြမ်းခင်း ပြုပြင်ခြင်းလုပ်ငန်းဖွင့်ပွဲနှင့် Social Audit အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရွှေနံ့သာကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ရာ မြောင် CDD Project မှ Infra တာဝန်ခံ ဒေါ်ဆုပြည့်စုံဦးနှင့် နည်းပညာအကြံပေးအဖွဲ့မှ ဦးမျိုးဝင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ကျေးရွာပြည်သူ ၅၀၀ ကျော် တက်ရောက်ခဲ့ပြီး အဆိုပါဂျင်းလမ်းနှင့် ကျေးရွာချင်းဆက်တံတားသည် အိမ်ခြေ ၆၀၀ အိမ်ထောင်စု ၈၆၈ နှင့်လူဦးရေ ၂၅၃၃ ဦး အတွက် အကျိုးပြုကြောင်း သိရသည်။ **၆၂၄**

## ကျောက်ပန်းတောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှာဖွေ၊ ကူညီကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါ မြေခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် မီးလောင်မှုများ လျော့နည်းကျဆင်းစေရေးအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများအား ပြည်သူကို ဗဟိုပြုပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ သဘာဝဘေးများ ဖြစ်ပေါ်လာလျှင်လည်း အမြန်ဆုံးရှာဖွေ ကယ်ဆယ်နိုင်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝအောင် ဆောင်ရွက်နိုင်ရေး ယခုသင်တန်းတွင် သင်တန်းကာလအစမှအဆုံးထိ ပျက်ရက်မရှိအောင် လေ့ကျင့်သင်ကြားသွားဖို့ လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းကို မီးဘေးလုံခြုံရေး၊ သဘာဝဘေးဒဏ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ရပ်ကွက် ၁၂ ရပ်ကွက်မှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ ရက်သတ္တလေးပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စီမံ ခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ချောင်းဦးတွင် သတ္တမအကြိမ်မြောက် မီးပုံးပျံပြိုင်ပွဲကျင်းပမည်



**ချောင်းဦး နိုဝင်ဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောရုံကျောင်းတိုက်ဝင်းအတွင်း သတ္တမအကြိမ်မြောက် မီးပုံးပျံပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ညောင်ပင်ပဇ္ဇောရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပရဝ၏ မိန့်ကြားချက်အရ သိရသည်။

ချောင်းဦးမြို့တွင် အဆိုပါမီးပုံးပျံပြိုင်ပွဲအား မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့် လက်မှုပညာရပ်များကို အစဉ်တစိုက် ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် သတ္တမအကြိမ်မြောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

"ဟိုတုန်းကတော့ ကထိန်ပွဲတွေမှာ ကျေးရွာတွေအလိုက် မီးပုံးပျံကို အပျော်တမ်းလွှတ်ကြတာ။ နောက်ပိုင်း တိမ်းကောပျောက်ကွယ်သွားတယ်။ အဲဒါကြောင့် ဒီကျောင်းတိုက်ဝင်းထဲကိုခေါ်ပြီး အပျော်တမ်းပြန်လွှတ်ဖို့စီစဉ်ရာကနေ အခုဆိုရင် ပြိုင်ပွဲဖြစ်တဲ့အထိ အောင်မြင်လာတာပါ။ ခါတိုင်းနှစ်တွေမှာ မီးပုံးပျံ ၁၅ လုံးပါတယ်။ အခုနှစ်ကတော့ မြောင်မြို့နယ်ထဲက တစ်လုံးရယ်၊ ချောင်းဦးမြို့ပေါ်က တစ်ဖွဲ့ရယ် တိုးလာတဲ့အတွက် အနည်းဆုံးတော့ ၁၇ လုံးလောက် ပြိုင်ဖြစ်မယ်လို့ မှန်းထားတယ်။ အခုလက်ရှိက ဘုန်းကြီးတို့ဦးစီးပြီးကျင်းပတာပါ။ သတ္တမကြိမ်မြောက်ကစပြီး မြို့နယ်က ဌာနဆိုင်ရာတွေ၊ မြို့မိမြို့ဖတွေ၊ ရပ်မိရပ်ဖတွေကို ပြိုင်ပွဲနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စုပေါင်းအကြံဉာဏ်ယူပြီး နောက်ပိုင်းမှာ မြို့နယ်လုံးဆိုင်ရာ မီးပုံးပျံပွဲတော်အဖြစ် ကျင်းပနိုင်အောင်လို့ စီစဉ်သွားမှာပါ။ ပြိုင်ပွဲကျင်းပတဲ့နှစ်ရက်လုံးမှာ နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ကျင်းပသွားမှာပါ" ဟု ညောင်ပင်ပဇ္ဇောရုံကျောင်းတိုက်ဆရာတော်က မိန့်ကြားသည်။

အဆိုပါ ချောင်းဦးမြို့ သတ္တမအကြိမ်မြောက်မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး၊ စိန်နပန်ဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးပါဝင်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သည့်အဖွဲ့များအနေဖြင့် မီးပုံးပျံအရွယ်အစားသည် အမြင့်ပေ ၂၀ သတ်မှတ်ထားကြောင်းနှင့် ပါဝင်လိုသည့်အဖွဲ့များအနေဖြင့် ဝင်ခွင့်လျှောက်လွှာများကို နိုဝင်ဘာ ၉ ရက် (တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ဆုများအဖြစ်ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငါးသိန်း၊ တတိယဆုကို ငွေကျပ်သုံးသိန်း၊ နှစ်သိမ့်ဆုအဖြစ် ငွေကျပ်တစ်သိန်းနှင့် ပြိုင်ပွဲဝင်ရန် အဆင့်မမီသော အမြင့်ပေ ၂၀ အောက်မီးပုံးပျံများကို ကျပ်ငါးသောင်းနှုန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## အမှိုက်များစနစ်တကျစွန့်ပစ်စေရေး လက်ကမ်းစာစောင်များ အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေ

**ဒလ နိုဝင်ဘာ ၂**
ပြည်သူများအနေဖြင့် အမှိုက်များအား စနစ်တကျစွန့်ပစ်စေရေး၊ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားသိရှိစေရေးနှင့် စွန့်ပစ်အမှိုက်များအား သတ်မှတ်ထားသည့် အမှိုက်ကန်၊ အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒလမြို့နယ်မှဝန်ထမ်းများသည် ရပ်ကွက်များအတွင်း အိမ်တိုင်ရာရောက် လိုက်လံ၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ရှင်းလင်းပြောကြားမှုတို့အား နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

"ပြည်သူတွေက အမှိုက်စို၊ အမှိုက်ခြောက် ကွဲကွဲပြားပြားမသိဘူး။ အမှိုက်ကန်၊ အမှိုက်ပုံးတွေမှာ ဘယ်လိုအမှိုက်တွေကို စွန့်ပစ်ရမယ်ဆိုတာလည်း မသိဘူး။ အမှိုက်ဆိုရင်ပြီးရော စွန့်ပစ်နေကြတာ။ ကျွန်မတို့ အခုလိုလိုက်လံရှင်းလင်းပြောကြားတော့ တော်တော်များများ နားလည်သွားတယ်" ဟု စည်ပင်ဝန်ထမ်းတစ်ဦးက ရှင်းလင်းပြောပြသည်။

ယခင်က စည်ပင်သာယာကပြုလုပ်ပေးထားသည့် အမှိုက်ကန်၊ အမှိုက်ပုံးများတွင် မီးဖိုချောင်သုံးစွန့်ပစ်အမှိုက်များ၊ သစ်ပင်၊ သစ်ကိုင်းခြောက်များ၊ ပေါင်းမြက်များအား စုပြုံစွန့်ပစ်မှုများကြောင်း၊ အမှိုက်ကန်များ ပြည့်လျှံခြင်း၊ အနံ့အသက်မကောင်းခြင်းများ ကြုံတွေ့ရကြောင်း ယခုကဲ့သို့ စည်ပင်ဝန်ထမ်းများမှ ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်းလိုက်လံ၍ အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ရှင်းလင်းပြောဆိုခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် နားလည်မှုနှင့် စနစ်တကျရှိကြောင်း အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

စည်ပင်ဝန်ထမ်းများမှ ပြည်သူများအား အမှိုက်စို၊ အမှိုက်ခြောက်များအား ခွဲခြား၍စွန့်ပစ်နည်း၊ ဌာနမှ တာဝန်ယူသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အမှိုက်အမျိုးအစားများ On call စနစ်ဖြင့် ခေါ်ယူ၍ စွန့်ပစ်ဆောင်ရွက်ရမည့် အမှိုက်အမျိုးအစားများ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် တွေ့ကြုံလာနိုင်သည့် ဆိုးကျိုးများ၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**ထင်ကျော်ဟိန်း**

## ဘီးလင်းမြို့နယ် မဲလံဆံတော်ဘုရားသို့ ဘုရားဖူးညှော်သည် ယခင်နှစ်ကထက်ပိုမိုများပြား

**ဘီးလင်း နိုဝင်ဘာ ၂**
ဘီးလင်းမြို့အတွင်းရှိ ဆံတော်ရှင်သမိုင်းဝင်ဘုရားဖြစ်သည့် မဲလံဆံတော်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများ ယခင်နှစ်ကထက် ပိုမိုလာရောက်၍ ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ယခင်ကဆိုလျှင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်း၊ ဝေးလံခေါင်ဖျားခြင်း၊ သွားလာရန်ခက်ခဲခြင်း၊ လုံခြုံရေး စိတ်မချရခြင်းတို့ကြောင့် မဲလံဆံတော်ဘုရားသည် လူသိနည်းပါးပြီး လာရောက်ဖူးမြော်သူများမှာ မြို့ခံနယ်ခံလောက်သာရှိပြီး လူသိထင်ရှားနည်းခဲ့သော သမိုင်းဝင်ဆံတော်ရှင်ဘုရားတစ်ဆူဖြစ်သည်။

မဲလံဆံတော်ဘုရားသည် မွန်ပြည်နယ်အတွင်းရှိ ဆံတော်ရှင်ခြောက်ဆူအနက်မှ တစ်ဆူဖြစ်ကြောင်း မဲလံဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးထံမှသိရသည်။

ဘီးလင်း-ဖာပွန် ကားလမ်းဖောက်လုပ်ပြီးစီးသွားသောကြောင့် သွားလာရန်လွယ်ကူလာပြီး လုံခြုံရေးအရလည်း ကောင်းမွန်လာသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးညှော်သည်များက မဲလံဆံတော်ဘုရားသို့ ပိုမိုလာရောက်ဖူးမြော်လာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒီးမော့ဆို၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်

**ဒီးမော့ဆို နိုဝင်ဘာ ၂**
ဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက သင်တန်းသားများအနေဖြင့် သင်တန်းကိုပြီးဆုံးသည်အထိ တက်ရောက်သင်ကြားစေလိုကြောင်း၊ သင်တန်းနည်းပြများမှ လေ့ကျင့်သင်ကြားပေးသော လက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို သေချာသင်ယူမှတ်သားပြီး မိမိရပ်ကွက်၊ ကျေးရွာ၊ မိမိမြို့နယ်မှတစ်ဆင့် မိမိပြည်နယ်၊ မိမိနိုင်ငံတော်အဆင့်ထိ တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တာဝန်ယူဆောင်ရွက်နိုင်သော နိုင်ငံသားကောင်းများဖြစ်ပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအောင်မင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားတူညီဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမှိုက်ပုံးများမှအနံ့ဆိုးများပပျောက်စေရန် အမှိုက်ပုံးများ ဆေးကြော



**ရန်ကုန် နိုဝင်ဘာ ၂**
ရန်ကုန်မြို့တွင် အများပြည်သူအမှိုက်စွန့်ပစ်နိုင်ရန် ဖြန့်ကြက်ပေးထားသော အမှိုက်ပုံးများမှာ အနံ့ဆိုးများစွဲကျန်ပြီး နံစော်နေသဖြင့် အမှိုက်စွန့်ပစ်သူအချို့က အမှိုက်ပုံးထဲသို့ အမှိုက်မထည့်တော့ဘဲ အမှိုက်ပုံးဘေးတွင် စုပုံထားမှုများရှိနေခြင်းကြောင့် အနံ့ဆိုးများ ကင်းစင်ပပျောက်စေရေးအတွက် နိုဝင်ဘာ ၁ ရက်က လှိုင်မြို့နယ် သန့်ရှင်းရေးဌာနမှ အမှိုက်ပုံးများ ဆေးကြောနေမှုကို မြင်တွေ့ရသည်။

"အမှိုက်ပုံးတွေက အနံ့ဆိုးတွေထွက်နေတော့ အမှိုက်ပုံးထဲကို အမှိုက်မထည့်ကြတော့ဘူး။ အမှိုက်ပုံးဘေးမှာ စုပုံထားကြတော့ အမှိုက်ပုံးတခြား၊ အမှိုက်ပုံတခြား ဖြစ်နေမယ်။ ဒါကြောင့် အနံ့ဆိုးတွေပပျောက်အောင် နေ့စဉ်အလှည့်ကျ ဆေးကြောပေးနေပါတယ်။ အလားတူ အမှိုက်ပုံး၊ အမှိုက်ကန်ဝန်းကျင်တွေကိုလည်း ထုံးမှုန့်တွေ ဖြူးပေးထားပါတယ်"ဟု မြို့နယ်သန့်ရှင်းရေးဌာန တာဝန်ခံ ဦးခင်မောင်ဦးက ပြောကြားသည်။

အဆိုပါမြို့နယ်သည် ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားပြီး ဒေသတွင်းနေထိုင်သူများ အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံးစုစုပေါင်း ၂၄၇ ပုံးကို ဖြန့်ကျက်ပေးထားသည်ဟု ဆိုသည်။ ဒေသတွင်းနေထိုင်သူများမှ တစ်ရက်စွန့်ပစ်အမှိုက်တန်ချိန် ၁၀၀ ကျော်ခန့်ရှိသည်ဟု မြို့နယ်သန့်ရှင်းရေးဌာန မှတ်တမ်းများအရ သိရသည်။

မျက်မှောက်ကာလတွင် ရန်ကုန်မြို့တွင် ယခင်ထက် လူဦးရေပိုမိုများပြားလာမှုကြောင့် စွန့်ပစ်အမှိုက်များမှာလည်း ပိုမိုများပြားလာရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ စွန့်ပစ်အမှိုက်များလျှော့ချနိုင်ရေးနှင့် စွန့်ပစ်အမှိုက်များမှ လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်နေသည်ဟု ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုခရိုင်မှူး ဦးအောင်ကျော်စိုးပြောပြမှုအရ သိရသည်။

**မောင်သုည**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ပုဏ္ဏာမီလမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် ခြင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။
ရွှေတိုင်လွင်





ကလေးသူငယ် အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်ထံသို့ ရန်ကုန်မေမန်ဂျမတ်(လူမှုဆောင်ရွက်ရေးအသင်း)ဥက္ကဋ္ဌ ဟာဂျီဦးစိန်မြင့်နှင့် ဒု-ဥက္ကဋ္ဌ ဟာဂျီဦးသန်းမောင်တို့က ကလေးသူငယ်စောင့်ရှောက်ရေးအတွက် အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းစဉ်။
ကြေးမုံ

LFP

လာလီဂါရင်ခုန်သံ-၁၁

# ဆီဗီလာကိုလွယ်လွယ်အနိုင်မရနိုင်တဲ့ ဘာစီလိုနာ

စပိန်လီဂါပွဲစဉ်-၁၀ ကိုလာမယ့်နိုဝင်ဘာလ ၅၊ ၆၊ ၇ ရက် နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်ဟာ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေအပြီးမှာကစားရမှာဖြစ်လို့ပွဲပန်းနိုင်ကြကာ အဆိုပါ ပွဲစဉ်မှာဆီဗီလာနဲ့ ဘာစီလိုနာ ဆုံတွေ့နေတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

**ရှိုင်း မင်း မင်း**

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | |
|---|---|
| အက်စ်ပက်စ်( ဆယ်လ်တာဗီဂို) | - ၇ ဂိုး |
| ဆွာရက်ဇ်( ဘာစီလိုနာ) | - ၇ ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - ၇ ဂိုး |
| ဂရစ်ဇ်မန်း(အက်သလက်) | - ၆ ဂိုး |
| ကာရက်စ္စကို( အက်သလက်) | - ၅ ဂိုး |



**စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၀ | ၇ | ၃ | ၀ | ၂၈ | ၁၀ | ၁၈ | ၂၄ |
| ၂ | ဘာစီလိုနာ | ၁၀ | ၇ | ၁ | ၂ | ၃၀ | ၁၂ | ၁၈ | ၂၂ |
| ၃ | အက်သလက်တီကို | ၁၀ | ၆ | ၃ | ၁ | ၂၅ | ၆ | ၁၉ | ၂၁ |
| ၄ | ဆီဗီလာ | ၁၀ | ၆ | ၃ | ၁ | ၁၈ | ၁၃ | ၅ | ၂၁ |
| ၅ | ဗီလာရီးယဲလ် | ၁၀ | ၅ | ၄ | ၁ | ၁၇ | ၇ | ၁၀ | ၁၉ |
| ၆ | ရီးယဲလ်ဆိုစီဒက် | ၁၀ | ၅ | ၁ | ၄ | ၁၆ | ၁၂ | ၄ | ၁၆ |
| ၇ | ဘီဘာအို | ၁၀ | ၅ | ၁ | ၄ | ၁၅ | ၁၃ | ၂ | ၁၆ |
| ၈ | အီဘား | ၁၀ | ၄ | ၃ | ၃ | ၁၆ | ၁၄ | ၂ | ၁၅ |
| ၉ | ဆယ်တာဗီဂို | ၁၀ | ၄ | ၂ | ၄ | ၁၆ | ၂၀ | -၄ | ၁၄ |
| ၁၀ | လက်စ်ပါးမက်စ် | ၁၀ | ၃ | ၄ | ၃ | ၂၀ | ၁၈ | ၂ | ၁၃ |
| ၁၁ | မာလာဂါ | ၁၀ | ၃ | ၃ | ၄ | ၁၄ | ၁၄ | ၀ | ၁၂ |
| ၁၂ | အက်စ်ပန်ညို | ၁၀ | ၂ | ၅ | ၃ | ၁၃ | ၁၇ | -၄ | ၁၁ |
| ၁၃ | ဘက်တစ် | ၁၀ | ၃ | ၂ | ၅ | ၁၁ | ၂၀ | -၉ | ၁၁ |
| ၁၄ | ဗလင်စီယာ | ၁၀ | ၃ | ၁ | ၆ | ၁၄ | ၁၉ | -၅ | ၁၀ |
| ၁၅ | အလာဗက်စ် | ၁၀ | ၂ | ၄ | ၄ | ၁၀ | ၁၅ | -၅ | ၁၀ |
| ၁၆ | လီဂါနက်စ် | ၁၀ | ၃ | ၁ | ၆ | ၉ | ၁၉ | -၁၀ | ၁၀ |
| ၁၇ | ဒီပို့တီဗို | ၁၀ | ၂ | ၃ | ၅ | ၇ | ၁၅ | -၈ | ၉ |
| ၁၈ | စပို့တင်းဂီဂွန် | ၁၀ | ၂ | ၃ | ၅ | ၈ | ၁၉ | -၁၁ | ၉ |
| ၁၉ | အိုဆာစူနာ | ၁၀ | ၁ | ၄ | ၅ | ၁၂ | ၂၀ | -၈ | ၇ |
| ၂၀ | ဂရန်နာဒါ | ၁၀ | ၀ | ၃ | ၇ | ၈ | ၂၄ | -၁၆ | ၃ |

**မာလာဂါ - ဂီဂွန်**
**နံနက် ၂း၁၅ (၅-၁၁-၁၆)**

အက်သလက်တီကိုကိုရှုံးနိမ့်ခဲ့ရတာကြောင့် မာလာဂါတို့နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း မာလာဂါတို့ပိုမိုအားစိုက်လာမှာဖြစ်ပါတယ်။ ဂီဂွန်ကတော့ လက်ရှိခြေစွမ်းပိုင်း ကအားနည်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ လက်ရှိအ ချိန်အဝေးကွင်းနိုင်ပွဲမရသေးပါဘူး။ အိမ်ကွင်းမှာ မာလာဂါကသာထိန်းကစားကာနိုင်ပွဲရသွားနိုင်ပါတယ်။

**ဆိုစီဒက်စ် - အက်သလက်တီကို**
**ည ၉း၄၅ (၅-၁၀-၁၆)**

မာလာဂါကိုအနိုင်ရခဲ့တဲ့ပွဲမှာ အက်သလက်တီကိုခြေစွမ်းပိုင်း ကကောင်းမွန်ခဲ့ပါတယ်။ တစ်ယောက်လျော့အခြေအနေမှာတောင် သွင်းဂိုး တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အက်သလက်တီကိုက ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာဖို့ရှိနေပါတယ်။ ဒ့ါအပြင် ဆိုစီဒက်စ်ရဲ့ ခြေကလည်းကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာ လည်းခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တာကြောင့် အက်သလက်တီကို ရှုန်းကန်ရနိုင်ကာ နိုင်ရင်တောင်မပြတ်သားနိုင်ဘူး။

**လက်စ်ပါးမက်စ် - အီဘား**
**နံနက် ၂း၁၅ (၆-၁၁-၁၆)**

လက်စ်ပါးမက်စ်က အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ် လို့ဆိုနိုင်ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းနိုင်ပွဲရအောင်အားစိုက်လာမှာသေချာနေပါတယ်။ အီဘားကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ အဝေးကွင်းပွဲတွေမှာခံစစ်ပိုင်းကပိုမိုအားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလက်စ်ပါးမက်စ်တို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရသွားနိုင်ပါတယ်။

**အက်စ်ပန်ညို - ဘီဘာအို**
**ည ၉း၄၅ (၆-၁၁-၁၆)**

ဘီဘာအိုက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဘီဘာအိုရဲ့ လက်ရှိခြေစွမ်းပိုင်းကကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်တာကို သတိပြုရဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အက်စ်ပန်ညို ခြေကလည်း အားနည်းမှုတွေများနေတာကြောင့် ဘီဘာအိုတို့နိုင်ပွဲတစ်ပွဲတော့ ကပ်ရသွားနိုင်ပါတယ်။

**ဗီလာရီးယဲလ် - ဘက်တစ်**
**နံနက် ၀၀း၀၀ (၇-၁၁-၁၆)**

ဗီလာရီးယဲလ်က ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်ဟာအိမ်ကွင်းပွဲစဉ်ဖြစ်နေလို့နိုင် ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်သလို ဗီလာရီးရဲက အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်း ငါးပွဲမှာ ရှုံးပွဲမရှိ လေးပွဲတိတိအနိုင်ရထားပါတယ်။ ဒ့ါအပြင် ဘက်တစ်ရဲ့ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်တာကြောင့် ဗီလာရီးယဲလ်ပဲအနိုင်ရမယ်။

**ဂရန်နာဒါ - ဒီပို့တီဗို**
**ညနေ ၆း၃၀ (၅-၁၁-၁၆)**

ဂရန်နာဒါခြေစွမ်းပိုင်းက အားနည်းမှုတွေများလွန်းနေပါတယ်။ လက်ရှိအချိန်အထိ ၁၀ ပွဲ ကစားပြီးချိန်မှာ နိုင်ပွဲလုံးဝမရသေးဘဲ အမှတ်ပေးဇယားအောက်ဆုံးကိုရောက်ရှိနေပါတယ်။ ဒီပို့တီဗိုကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်း ပိုင်းက ကျဆင်းတတ်တယ်ဆိုပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းကတော့ ဂရန်နာဒါ ထက်ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း ဂရန်နာဒါတို့အိမ်ကွင်းဖြစ်ပေမယ့် သရေ ထက်ပိုရနိုင်ဖို့မရှိပါဘူး။

**အိုဆာစူနာ - အလာဗက်စ်**
**နံနက် ၀၀း၀၀ (၆-၁၁-၁၆)**

အိုဆာစူနာက ခြေစွမ်းပိုင်းအရတည်ငြိမ်မှုမရှိပါဘူး။ အိမ်ကွင်းပွဲတွေမှာတောင် အခုအချိန်အထိနိုင်ပွဲရယူနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိုဆာစူနာတို့အလာဗက်စ် ကိုအသာရဖို့ရုန်းကန်ရနိုင်ပါတယ်။ အလာဗက်စ်ကရီးရဲကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်း အသင်းလိုက်ကစားပုံအရ အိုဆာစူနာထက်ပိုမိုပြီး ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း အိုဆာစူနာတို့အိမ်ကွင်းဖြစ်ပေမယ့် အခက်တွေ့နိုင်ကာသရေလောက်ပဲ ကစားနိုင်မယ်။

**ရီးယဲလ် - လီဂါနက်စ်**
**ညနေ ၅း၃၀ (၆-၁၁-၁၆)**

အလာဗက်စ်ကို အနိုင်ကစားနိုင်ခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာဆက်လက်ရပ်တည်နေနိုင်ပေမယ့်လည်း ဘာစီလိုနာထက်နှစ်မှတ်သာအသာရထားတာကြောင့် ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အား စိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ရီးယဲလ်က ချန်ပီယံလိဂ်ကြောင့်ပွဲပန်းလာနိုင်သလို လီဂါနက်စ်ကလည်းအဝေးကွင်း ပွဲတွေမှာတုန့်ပြန်ကစားအားကောင်းမွန်တတ်တာကို သတိပြုမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရီးယဲလ်အနိုင်ရနိုင်ပေမယ့် နှစ်ဂိုးအသာလောက်နဲ့ သာအနိုင်ရမယ်။

**ဆဲလ်တာဗီဂို - ဗလင်စီယာ**
**ည ၉း၄၅ (၆-၁၁-၁၆)**

ဆဲလ်တာဗီဂိုက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိ လာနိုင်ပါတယ်။ ဆဲလ်တာ ဗီဂိုအနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူ နိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဗလင်စီယာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာပါတယ်။ ဒ့ါအပြင် ဆဲလ်တာဗီဂိုရဲ့ခံစစ်ပိုင်းကလည်း ဒီရာသီမှာ ထင်သလောက်ကျစ်လစ်မှုမရှိတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့်လည်း ဆဲလ်တာဗီဂိုတို့ သရေလောက်ပဲကစားနိုင်ဖို့ရှိပါတယ်။

**ဆီဗီလာ - ဘာစီလိုနာ**
**နံနက် ၂း၁၅ (၇-၁၁-၁၆)**

နှစ်သင်းစလုံးချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိ လာနိုင်ပါတယ်။ ဒါပေမယ့်လည်းအရေးပါတဲ့ဆုံတွေ့မှုဖြစ်နေတာကြောင့် နှစ်သင်းစလုံးအားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ ဆီဗီလာခြေကကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ပိုမိုထက်မြက်တတ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာတို့ ဒီပွဲစဉ်မှာ ဆီဗီလာကို လွယ်လွယ်နဲ့အနိုင်မရနိုင်ပါဘူး။ ဘာစီလိုနာပဲ အနိုင်ရသွားဖို့ရှိနေပါတယ်။

## လာလီဂါသတင်းတိုများ

- ဖီဖာဘလွန်းဒီအောဆု ကစားသမား ၃၀ ဦး စာရင်းတွင် ဂါရတ်ဘေးလ် အမည်ပါဝင်နေသော်လည်း မက်ဆီနှင့်စီရိုနယ်လ်ဒိုတို့သာ အလှည့်ကျရယူနေသည့် ဘလွန်းဒီအောဆုကို ရယူရန် စိတ်ဝင်စားခြင်းမရှိဟု ဂါရတ်ဘေးလ်က တုံ့ပြန်ခဲ့ပြီး သူ၏ ကစားသမားဘဝကို ရီးယဲလ်မက်ဒရစ်တွင်သာ အဆုံးသတ်ရန်မျှော်လင့်ထားသည်ဟု ပြောကြားခဲ့သည်။
- မန်ယူနည်းပြဟောင်းဆာအဲလက်စ်ဖာဂူဆန်က ယခုနှစ် ဖီဖာ ဘလွန်းဒီအောဆုကို စီရိုနယ်လ်ဒိုသာ ရရှိလိမ့်မည်ဖြစ်ပြီး စီရိုနယ်လ်ဒို အပြင် အခြားရွေးချယ်စရာမရှိဟု မှတ်ချက်ပြုခဲ့သည်။
- မက်ဆီက ယခုလက်ရှိ ဘာစီလိုနာ ကစားဟန်နှင့် ဂွါဒီယိုလာလက်ထက် ဘာစီလိုနာကစားဟန်တို့ ခြားနားသွားပြီဖြစ်ပြီး အထူးသဖြင့် တိုက်စစ်လမ်းကြောင်းစတင်သည့် ပုံစံပြောင်းလဲသွားခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။
- စီရိုနယ်လ်ဒို၏ အသင်းဖော်ဟောင်း ဒီယေဂိုဖော်လန်က မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့နှစ်ဦးကို နှိုင်းယှဉ်ကြည့်လျှင် မက်ဆီမှာ ပိုမို ပြီးပြည့်စုံသည့် တိုက်စစ်မှူးဖြစ်ကြောင်း ဆိုလိုက်သည်။
- ရီးယဲလ်မက်ဒရစ်ဗဟိုနောက်ခံလူ ပီပီမှာ ဒဏ်ရာပြဿနာကြောင့် ရီးယဲလ်၏ အရေးကြီးပွဲစဉ်အချို့ကို လွဲချော်မည်ဖြစ်သော်လည်း အချိန်ကာလမည်မျှ အနားယူရမည်ကို အတိအကျ မပြောနိုင်သေးဟု ရီးယဲလ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **မေလှဲ့သင်း**

## မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**လင်းခေး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် လင်းခေးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ)နှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် ညနေ ၃နာရီခွဲက လင်းခေးမြို့ ပြည်ငြိမ်းအေးအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် မိုးနဲမြို့နယ်(လွိုင်လုံလူငယ်အသင်း)နှင့်လင်းခေးမြို့နယ်(နယူးစတားလူငယ်အသင်း)ယှဉ်ပြိုင်ကစားခဲ့ကြရာ လွိုင်လုံအသင်းက ခုနစ်ဂိုး ငါးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာမြို့နယ်အားကစားနှင့်ကာယပညာကော်မတီမှတာဝန်ရှိသူများက အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# ဘဏ္ဍာစိုး – ရွှေပေါက်ကျွန်း – မလှိုင်မြို့များကိုဆက်သွယ်သည့်လမ်း ရေတိုက်စား၍ သွားလာရေးခက်ခဲ



**မလှိုင် နိုဝင်ဘာ ၂**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် ည ၁၀ နာရီခန့်မှစတင်၍ မိုးမပြတ်ရွာသွန်းခဲ့သဖြင့် မြင်းတွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇) ရှိ ဘဏ္ဍာစိုးကျေးရွာနှင့်ရွှေပေါက်ကျွန်းကျေးရွာ-မလှိုင်မြို့များကို ဆက်သွယ်သည့်လမ်းမှာ ရေတိုက်စား၍ မြေသားလမ်းပျက်စီးသွားပြီး လမ်းနယ်ကျဉ်းမြောင်းသွားသဖြင့် ဘဏ္ဍာစိုးကျေးရွာမှ ဒေသခံပြည်သူအများ သွားလာရေးခက်ခဲလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းမှာ ချောင်းဆုံတမံ ရေဝင်လမ်းပေါ်တွင်ရှိပြီး ဘဏ္ဍာစိုးကျေးရွာမှ မလှိုင်မြို့သို့ ဆက်သွယ်သည့် တစ်ခုတည်းသောလမ်းဖြစ်သည်။ လမ်းအကျယ် ၁၄ ပေ၊ လမ်းအရှည် ပေ ၅၅၀ ရှိပြီး ချောင်းဆုံတမံဖောက်လုပ်စဉ် ဆက်သွယ်ရေးလွယ်ကူစေရန် ဆည်မြောင်းဦးစီးဌာနမှ ကူညီဖောက်လုပ်ပေးထားသောလမ်းဖြစ်ကြောင်း သိရသည် ။

"ဘဏ္ဍာစိုးကျေးရွာမှာ အိမ်ခြေ ၁၂၈ အိမ်၊ လူဦးရေ ၆၀၀ ခန့် နေထိုင်လျက်ရှိပြီး မလှိုင်မြို့ကိုသွားဖို့ ဒီလမ်းတစ်ခုတည်းပဲရှိပါတယ်။ ဒီရွာက ကလေးတွေ ရွှေပေါက်ကျွန်း အ. ထ. က(ခွဲ) ကျောင်းကို ကျောင်းသွားတက်လည်း ဒီလမ်းကပဲသွားရပါတယ်။ ရွာကကျန်းမာရေးမကောင်းလို့ အနီးစပ်ဆုံး မြောက်လည်ဆေးခန်းကိုသွားလည်း ဒီလမ်းပဲ အသုံးပြုနေရတာပါ။ ရေစားပြီး မြေပြိုလိုက်နေတာ မြင်တဲ့အတိုင်းပါပဲ။ လမ်းက အတော်ကျဉ်းသွားပြီး လှည်း၊ နွားသွားမရတော့ဘူး။ ကျောင်းတက်တဲ့ကလေးတွေ ဆိုင်ကယ်စီးသွားဖို့ကို အန္တရာယ်များပါတယ်" ဟု မြင်းတွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပြောပြသည်။

ဘဏ္ဍာစိုး-ရွှေပေါက်ကျွန်း-မလှိုင်လမ်းသည် ဒေသထွက်ကုန်သီးနှံများ မြို့ကိုတင်ပို့ရောင်းချခြင်း၊ ကျေးရွာအတွက် လိုအပ်သည့်ပစ္စည်းများ မြို့တက်ဝယ်ယူခြင်းအပြင် ပညာရေး၊ ကျန်းမာရေးအတွက်ပါ အသုံးပြုနေရသော မရှိမဖြစ်လမ်းဖြစ်သည်။ ယခုအခါ လမ်းမှာပျက်စီးကျဉ်းမြောင်းသွားသဖြင့် သွားလာရေးခက်ခဲလျက်ရှိပြီး အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

သွားလာရေး ခက်ခဲကြောင်းသိရသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## လုပ်ငန်းရှင်များအသိအမြင်ကြွယ်ဝစေရေး စီးပွားရေးဟောပြောဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂**
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်များ အသိအမြင်ကြွယ်ဝပြီး စိတ်ကူးသစ်များ ပိုမိုရရှိစေရန်ရည်ရွယ်၍ Wisdom Talk Of MRCCI ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက လုပ်ငန်းရှင်များ စီးပွားရေးအမြင်များရရှိစေရန် စီးပွားရေးစကားဝိုင်းဟောပြောဆွေးနွေးပွဲများ လစဉ်နောက်ဆုံးပတ်တွင် ကျင်းပပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟောပြောပွဲဖြစ်မြောက်ရေး ပံ့ပိုးပေးသူများအား ဦးခင်မောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ထို့နောက် စီးပွားရေးစကားဝိုင်း ဟောပြောပွဲကျင်းပရာ ဦးမော်မော် (အောင်သမာဓိရွှေသန့်စင်လုပ်ငန်း)က ရွှေအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစိုးမြင့်သန်း Small Business Big Impact ခေါင်းစဉ်ဖြင့်ဟောပြောပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၂**
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲဇာနည်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးစံရွှေမောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက ပေါက်ကွဲယမ်းများအကြောင်း၊ သောင်းကျန်းသူသုံး ပြည်ပနိုင်ငံထုတ်မိုင်းများနှင့် လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးနှင့် လက်လုပ်ဗုံးတွင် ပါဝင်သော အစိတ်အပိုင်းများ၊ လူသတ်၊ ယာဉ်ဖြတ်ပိုင်းနှင့် ဒုံးကျည်ဖြင့်ပြုလုပ်သောမိုင်းများအကြောင်း၊ မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း၊ ပေါက်ကွဲမှုဖြစ်စဉ်၊ အကျိုးသက်ရောက်မှုများ၊ မိုင်းရှင်းလင်းရှာဖွေခြင်းဆိုင်ရာ အခြေခံသဘောတရားများအကြောင်းကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းအကူရဲတပ်ဖွဲ့ခွဲမှူး၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မှူးများ၊ မြို့မရဲစခန်းမှူးများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းအရန်တပ်ဖွဲ့၊ လူကုန်တား၊ ကမ္ဘာလှည့်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးများ၊ သင်တန်းမှူး ရဲမှူးမောင်မောင်နှင့် သင်တန်းသားအရာရှိ၊ အခြားအဆင့် ၁၀+၂၀ စုစုပေါင်း ၆၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်ရပြန်/ဆက်)**

## စိုက်ပျိုးရေးနည်းပညာဗဟုသုတများ တိုးပွားစေရေး တောင်သူပညာပေးပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကျင်းပ



**မိုင်းဖြတ် နိုဝင်ဘာ ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဗဟုသုတများ တိုးပွားရရှိစေရေးအတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား အသိပညာပေးကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက နမ့်ကုန်းအုပ်စု ဟောင်ပဟင်ကျေးရွာရှိ တောင်သူဦးသန်းဝင်း၏ လယ်မြေနှစ်ဧကရှိ စိုက်နည်းစနစ်လေးမျိုးစမ်းသပ်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါ တောင်သူပညာပေးပွဲနှင့် စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က စိုက်နည်းစနစ်တစ်မျိုးချင်းအလိုက် စတင်ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် စိုက်နည်းစနစ်များအလိုက် တစ်ဧကနှုန်းအပေါ် ကုန်ကျစရိတ်၊ ထွက်ရှိနိုင်မည့်အထွက်နှုန်း၊ ရရှိနိုင်မည့်အကျိုးအမြတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးထားသော ဆင်းဧကရီ (၃) မိုးစပါးစိုက်ခင်းအား ရိတ်သိမ်းခဲ့ရာ စပါးအထွက်နှုန်းမှာ အစိုအထွက်နှုန်း ၁၃၁ ဒသမ ၂၉ တင်း၊ အခြောက်အထွက်နှုန်း ၁၁၉ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အုပ်စုစာရေးများ၊ တောင်သူများ စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ ၅ ဧကနှင့် ငွေချည်(၆)၊ ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှု ပညာပေး

**စလင်း နိုဝင်ဘာ ၂**
မင်းဘူးခရိုင် စလင်းမြို့နယ်တွင် တောင်သူများချည်မျှင်ရှည်ဝါ အထွက်နှုန်း ပိုမိုတိုးပွားစေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးဆောင်ရွက်ထားသည့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ ၅ ဧကနှင့် ငွေချည်(၆)၊ ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားမှုအခြေအနေများကို တောင်သူများအား ပညာပေးကွင်းပြပွဲပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပညာပေးကွင်းပြပွဲကို ကြာအင်းပင်လှကျေးရွာအုပ်စု ကွင်းအမှတ် ၅၄၇ ကွင်း၌ အောက်တိုဘာ ၂၉ ရက်တွင်ကျင်းပရာ မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးကိုယ်စား စက်မှုသီးနှံဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဦးက ချည်မျှင်ရှည်ဝါများ မျိုးအလိုက်အရည်အချင်းလက္ခဏာများကိုလည်းကောင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ယင်းနောက် စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မျိုးဝေက ရွှေတောင်(၈) ချည်မျှင်ရှည်ဝါကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စလင်းမြို့နယ်တွင် စတင်စိုက်ပျိုးကြောင်း၊ ၎င်းဝါအမျိုးအစားသည် အကိုင်းအလက် ပိုမိုများပြီး အသီးပိုမိုထွားကြောင်းနှင့် တစ်ဧကလျှင် ပိဿာ ၁၀၀၀ အထိ ထွက်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ စံပြစိုက်ကွက်ငါးဧက ယခုနှစ်တွင် စတင်စိုက်ပေးသည့်အပြင် ငွေချည်(၆)၊ ရွှေတောင်-၈၊ ငွေချည်-၉ ချည်မျှင်ရှည်ဝါများ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားမှု အခြေအနေကိုလည်း ယှဉ်ပြစိုက်ပျိုးထားပါတယ်။

တောင်သူများအနေနဲ့ မြေအနေအထား၊ ရာသီဥတုအခြေအနေနဲ့ကိုက်ညီမယ့် ဝါအမျိုးအစား၊ ကိုယ့်အတွက် အထွက်နှုန်းကောင်းစေမယ့်ဝါကို ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ယှဉ်တွဲစိုက်ပျိုးထားပါတယ်။ နောင်လာမယ့်နှစ်မှာ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နဲ့ စိုက်ပျိုးထားတဲ့ ရွှေတောင်(၈) ချည်မျှင်ရှည်ဝါမျိုးကို တောင်သူတွေ စနစ်တကျစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်တယ်" ဟု ဦးအောင်မျိုးဝေက ပြောပြသည်။

ယင်းနောက် စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ သိပ္ပံနည်းကျ စိုက်ပျိုးဆောင်ရွက်ထားသည့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ စံပြစိုက်ကွက်နှင့် ငွေချည်(၆)၊ ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါများ မျိုးယှဉ်ပြိုင်စိုက်ထားသည့်အခြေအနေများကို တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် စိတ်ပါဝင်စားစွာတက်ရောက်လာသည့် တောင်သူများအား ပညာပေးကွင်းပြပွဲပြုလုပ်ပေးခဲ့ရာ ဝါစိုက်ပျိုးတောင်သူများ စိတ်ပါဝင်စားကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# မြောင်မြို့နယ်တွင်ထင်းအစားထိုးမီးဖိုများ အခမဲ့ပေးအပ်ခြင်းနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေးဟောပြောဆွေးနွေး

**မြောင် နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် စိမ်း/စိုဦးစီးဌာနက ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းခြင်းကို ပြည်သူများသိရှိစေရေးအတွက် ဟောပြောဆွေးနွေးပွဲနှင့် ထင်းအစားထိုးလောင်စာ မီးဖိုများပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ငါးမြောင်တောင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စိမ်း/စို ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးတင့်က သစ်တော၊ သစ်ပင်များပြုန်းတီးမှုကြောင့် ကမ္ဘာကြီးမှာ ရာသီဥတုဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့၍ ကမ္ဘာပေါ်ရှိ လူအများ တွေ့ကြုံရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကို အဓိကထိန်းသိမ်းသည့် သစ်ပင်များ ပြုန်းတီးမှုနည်းပါးစေရန်အတွက် ထင်းအသုံးပြု မီးဖိုများအစား ထင်းအစားထိုးမီးဖိုများကို ပေးအပ်ဖြန့်ဝေသွားမှာဖြစ်ကြောင်း၊ ကျေးရွာမှာထူးခြားတာက မီးဖိုများကို အိမ်တိုင်းပေးဝေသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စိမ်း/စိုဦးစီးဌာန ဦးစီးအရာရှိက ကျေးရွာသူရွာသားများထံသို့ ထင်းအစားသုံး မီးဖိုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ကိုကို**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအချို့ရေဝင်ရောက်

**တံတားဦး နိုဝင်ဘာ ၂**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ပန်းလောင်မြစ်ရေလျှံတက်ကာ ကျေးရွာအချို့၌ ရေများဝင်ရောက်မှုဖြစ်ပွားကြောင်း သိရသည်။

ထိုပန်းလောင်မြစ်ရေလျှံတက်မှုကြောင့် စကားအင်းကျေးရွာအုပ်စု စကားအင်း(တ)ရွာတွင် အိမ်ခြေ ငါးလုံးခန့်၊ ခံလူးလေးကျေးရွာတွင် အိမ်ခြေ ၄၅ လုံးခန့်၊ သဲမောင်းကန်ကျေးရွာအုပ်စု ဝန်ပတေ့(တ)ရွာတွင် အိမ်ခြေ ၆၁ လုံးခန့်၊ ဝန်ပတေ့(မ)ရွာတွင် အိမ်ခြေ ၁၂၀ ခန့်၊ သားများဘကျေးရွာအုပ်စု သားများဘကျေးရွာတွင် အိမ်ခြေ ၅၀ ခန့်၊ ကန်ချောကျေးရွာအုပ်စု အေးကြည်ကုန်းကျေးရွာတွင် အိမ်ခြေ ၆၀ ခန့်၊ ပလ္လင်တောင်ကျေးရွာတွင် အိမ်ခြေ ၁၅လုံးခန့်၊ ရွှေပေါ်ကျွန်းကျေးရွာတွင် အိမ်ခြေ ၂၀ ခန့်၊ ဘုရားကြီးကုန်းကျေးရွာတွင် အိမ်ခြေ ၂၀ ခန့် ရေဝင်ရောက်မှုရှိခဲ့သည်။ လူနေအိမ်များ ပြောင်းရွှေ့နေထိုင်ခြင်းမရှိသော်လည်း ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုအားဖြင့် နှစ်ပေမှ သုံးပေထိရှိသည်။

အဆိုပါမြစ်ရေလျှံတက်မှုကြောင့် ဝန်ပတေ့ကျေးရွာ၊ ခံလူးလေးကျေးရွာနှင့် သားများဘကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ခေတ္တယာယီပိတ်ထားပြီး ရေများပြန်လည်ဆင်းပါက ထိုကျောင်းပိတ်ရက်များကို အပတ်စဉ် စနေနေ့ရက်များ၌ အစားထိုးပြန်လည်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့် (တံတားဦးပြန်/ဆက်)**





ပြည်ထောင်စုဝန်ကြီး ဦး သန့်စင်မောင် မုံရွာမြို့တွင် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့မီးရထား၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ မုံရွာမြို့ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က ယင်းမာပင်ခရိုင် ကနီမြို့နယ် မိကျောင်းတွင်းကျေးရွာအနီးတွင် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခန့်တွင် နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော် ရေယာဉ်နှင့်ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းပြောကြားသည်။ မုံရွာမြို့ ရေယာဉ်စစ်ဆေးရေးအဖွဲ့၏ကိုယ်စား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးမင်းခင်က မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းမှ အထက်ချင်းတွင်းဒေသများသို့ ထွက်ခွာသည့် ရေယာဉ်များကို စစ်ဆေးမှု အခြေအနေများနှင့် စစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ မုံရွာမြို့ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့်ထွန်းက မြို့ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ရေယာဉ်များ ကွင်းဆင်းစစ်ဆေး ရာတွင်စစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ ကရုဏာကြေး ၈၅ သိန်းနှင့် Irrawady Unity Logistic Co.,Ltd မှ ကရုဏာကြေး ငွေကျပ် ၁၅ သိန်း အား တာဝန်ရှိသူများက ပေးအပ်ရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။

အလားတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဆက်သွယ်ရေးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တွေ့ဆုံပြီး လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သားအိမ်ခေါင်းကင်ဆာကြိုတင်ကာကွယ်ရေး အသိပေးဆွေးနွေး

**တောင်ကြီး နိုဝင်ဘာ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Medical Care Development International အဖွဲ့ အမေရိကန်အခြေစိုက် လူမှုရေးအဖွဲ့အစည်းတို့ပူပေါင်းပြုလုပ်သော သားအိမ်ခေါင်းကင်ဆာကြိုတင်ကာကွယ်ရေးအသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်ပြည်သူကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ရှမ်းပြည်နယ်အတွင်းရှိ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများကို သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေးလုပ်ငန်းမှတစ်ဆင့်မြှင့်တင်နိုင်ရန်အတွက် MCDI အဖွဲ့မှ ရှမ်းပြည်နယ်(တောင်ကြီး) ရပ်စောက်မြို့နယ်အတွင်းရှိ အသက် ၃၀ မှ ၄၉ နှစ်အတွင်းရှိ အိမ်ထောင်သည် အမျိုးသမီးများအား သားအိမ်ခေါင်းကို ဆေးရည်တို့ကုသခြင်း (Visuak Inspection with Acetic Acid –VIA) နှင့် အပူဓာတ်ကုထုံးကုသခြင်းလုပ်ငန်း (cold coagukation) များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်ကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး MCDI အဖွဲ့မှ ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှစ၍ တိုက်နယ်ဆေးရုံများ၊ ရပ်စောက်မြို့နယ်ဆေးရုံနှင့် တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့တွင် သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုအလိုက် ကုထုံးများကို သင်ကြားပို့ချခြင်း၊ လိုအပ်သောပစ္စည်းများ (သားအိမ်ခေါင်းကြည့်ပစ္စည်းကိရိယာ Cerviscope ကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း စီမံချက်ပါဝင်မြို့နယ်မှတစ်ဆင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ ကျန်းမာရေးဌာနသို့ သွားရောက်စစ်ဆေးနိုင်ရန်၊ ပြည်သူလူထုကလည်း ကျန်းမာရေးအသိရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းခဲ့သည်။

ဆရာဝန်အသင်းဥက္ကဋ္ဌ (ရန်ကုန်) ပါမောက္ခဒေါက်တာမြသီတာက သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြခဲ့သည်။ သားအိမ်ခေါင်းကင်ဆာကြိုတင်ကာကွယ်ရေးအသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ မှ နိုဝင်ဘာ ၆ ရက်အထိ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခြားစိတ်ဝင်စားသူများ စုစုပေါင်း ၉၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး လမ်းမီးများလင်းစေချင်

**ပဲခူး နိုဝင်ဘာ ၂**

ပဲခူးမြို့ ဥဿမြို့သစ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးမှ လမ်းမီးတိုင်တို့တွင် လမ်းမီးများတပ်ဆင်ထား ခြင်းမရှိဘဲ ညအချိန်မှောင်အတိဖြစ်နေသဖြင့် ခရီးသွားများ အန္တရာယ်တစ်ခုခုဖြစ်လာမည်ကို စိုးရိမ်နေကြသည်။

"ဒီလမ်းမကြီးတစ်လျှောက် စားသောက်ဆိုင်၊ KTV တည်းခိုရိပ်သာ၊ ဟိုတယ်တွေ အများကြီးရှိ နေပြီး အမှောင်ထဲမှာ မကြာခဏရန်ဖြစ်နေကြတာ၊ ညအချိန်ဆို ဆိုင်ကယ်တွေအများအပြားသွားနေ ကြပြီး ယာဉ်အန္တရာယ်နဲ့ ကြုံတွေ့တာ၊ ခိုး၊ ဆိုး၊ နှိုက်တွေနဲ့ကြုံတွေ့နေရတော့ စိုးရိမ်စရာကောင်းပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မှောင်ရိပ်ခို ဒုစရိုက်မှုများမဖြစ်ပွားခင် ကြိုတင်ကာကွယ်သည့်အနေဖြင့် လမ်းမကြီးလျှပ်စစ်မီးတိုင်များတွင် လမ်းမီးများတပ်ဆင်ပေးပါရန် လိုအပ် လျက်ရှိပေသည်။

**၅၉၇**

# တလုတ္ထော်-ချင်းကုန်း ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

**ဟသ်ာတ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၈ ဒသမ ၈၄၇ ဖြင့်တလုတ္ထော်တိုက်နယ်တွင်းရှိ တလုတ္ထော်-ချင်းကုန်းကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည်ပေ ၆၀၁၃ ရှိပြီး လမ်းအရှည် ပေ ၄၁၇၀ အား လမ်းအကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မနှင့် ကျန်လမ်းအရှည် ၁၈၄၃ ပေအား လမ်းအကျယ် ခြောက်ပေ၊ အမြင့် ထု ခြောက်လက်မ ခင်းသွားမည်ဖြစ်ပြီး လမ်းမကြီး ပြီးစီးသွားပါက ချင်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တလုတ္ထော်(အထက)သို့ သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ သွားလာမှုနှင့် တိုက်နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ဒေသထွက်ကုန်ရောင်းဝယ်မှုနှင့် သွားလာမှု ပိုမိုအဆင်ပြေလာတော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇော်လွင်ထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ထန်တလန် နိုဝင်ဘာ ၂**

ထန်တလန်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ထန်တလန်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်းမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရွှေကျိုးလျှန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် အရန်မီးသတ် ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကို နိုဝင်ဘာ ၂၅ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ဆေးပညာသတင်းဆန်းများ (၁၄၅)

ဒေါက်တာကံညွန့်

ပုံမှန်အားဖြင့် နှလုံးကြွက်သားပျက်စီးမှု တစ်ခုခုဖြစ်သွားပါက သူ့အလိုလို ပြန်လည်ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ယခုအခါတော့ Stem Cell Replacement လုပ်ပြီး ပျက်စီးနေတဲ့ နှလုံးကြွက်သားပြန်ကောင်းအောင် လုပ်နိုင်နေပြီဖြစ်ပါတယ်။ ယခု Califonia မှာရှိတဲ့ Salk ဓာတ်ခွဲခန်းတစ်ခုနှင့် Izfisu Belmonte ဓာတ်ခွဲခန်းမှာ ဆေးပညာရှင်တွေ တွေ့ရှိထားချက်တစ်ခု ထွက်လာပါတယ်။ သူတို့စမ်းသပ်မှုအရ Micro RNA molecule တွေဟာ Genes တွေရဲ့ ပုံစံတွေကို ပြုပြင်နိုင်စွမ်းရှိတာ တွေ့ရတယ်။ ဒီ Molecule တွေကို Machinery တစ်ခုအဖြစ် နှိုးဆွပေးခြင်းဖြင့် ပျက်စီးနေတဲ့ နှလုံးကြွက်သားတွေ ပြန်လည်ရှင်သန်နိုင်တာကိုတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်း Journal of Stem Cell မှာ ဖော်ပြထားတာပါ။ သူတို့ဟာ တိရစ္ဆာန်အမျိုးမျိုးကို စမ်းသပ်ခဲ့ပြီး ကြွက်တွေမှာတော့ သုံးလအတွင်း နှလုံးကြွက်သား ပကတိကောင်းနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီနည်းလမ်းပေါ်လာတာဟာ Stem Cell အသုံးမပြုဘဲ နှလုံးကြွက်သားပြန်ကောင်းအောင် လုပ်နိုင်တဲ့ နည်းအဖြစ် ကြိုဆိုရမှာဖြစ်ပါတယ်။




ကင်ဆာမျိုးအပြင် Triple Negative ခေါ်တဲ့ ကင်ဆာအပြင်းစားမျိုးကိုလည်း သက်သာစေနိုင်တယ်လို့ ဆိုပါတယ်။ Triple Negative ဆိုတာ Oestrogen Receptor, Progentenon Recepter နှင့် Human Epdiemal Growth factor Recepter တို့မရှိတဲ့လူမှာဖြစ်တဲ့ ကင်ဆာအမျိုးအစားဖြစ်ပါတယ်။ ဒါအတွက်လည်း အစွမ်းထက်တဲ့ဆေးတစ်ခုဖြစ်ကြောင်း ယမန်နှစ် အောက်တိုဘာလမှာ

Propionate နှင့် ပေါင်းပြီး စားချင်စိတ်ကို ပိုမိုဟန့်တားပေးနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီဆေးပေါ်တာဟာ ကိုယ်အလေးချိန် လျှော့လိုသူတွေအတွက် ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။







ယခုဖော်ပြလိုတဲ့ သတင်းကတော့ သွေးစစ်မှုတစ်ခု လုပ်လိုက်ရုံနှင့် ကင်ဆာရောဂါတချို့ ရှိ-မရှိ သိနိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီလိုတွေ့ရှိခဲ့သူတွေကတော့ အင်္ဂလန်နိုင်ငံ Warwick University Hospital က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီအကြောင်းကို လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ National Cancer Research Institute Cancer Conference မှာ တင်ပြခဲ့ကြတာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ Cancer Specific Blood Marker ကို အသုံးပြုပြီး စမ်းသပ်ခဲ့တာလို့ဆိုပါတယ်။ သူတို့ဟာ လူပေါင်း ၈၀၀ ကျော်မှာ ဒါကိုစမ်းသပ်ကြည့်ခဲ့ပြီး အဖြေတချို့ကို တွေ့ရှိခဲ့ရတယ်လို့ဆိုပါတယ်။ ဒီလိုစမ်းသပ်မှုကို ယခင်က တင်သွင်းခဲ့ဖူးတဲ့ Scientific Paper ပေါင်း ၁၉၀၀၀ ကျော်ကို မှီငြမ်းပြီး ယခုနည်းကို တီထွင်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။



နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ရင်သားကင်ဆာခံစားနေရသူ အမျိုးသမီးတွေအတွက်ပါ။ ပင်လယ်ရေညှိတစ်မျိုးကထုတ်ယူရရှိတဲ့ ERIBULIN ဆိုတဲ့ဆေးဟာ ရင်သားကင်ဆာခံစားနေရသူ အမျိုးသမီးတွေမှာ ပိုပြီး အသက်ရှည်ရန်နေထိုင်နိုင်စွမ်းရှိတာတွေ့ရတယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အင်္ဂလန်နိုင်ငံ University of Leeds ဆေးရုံက ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အပြင်ဆေးနာမည် Halaven ခေါ်တဲ့ Eribulin Mesylate ဆေးဟာ သာမန် ရင်သား

Liverpool မြို့မှာ ပြုလုပ်တဲ့ National Cancer Research Institute Conference မှာတင်သွင်းခဲ့ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ ၁၀ မိနစ်အတွင်း သွေးအဖြေတစ်ခုကိုရနိုင်တဲ့ အလွန်လျင်မြန်ပြီး ဈေးသက်သာတဲ့ ဓာတ်ခွဲခန်းငယ်တစ်ခုအကြောင်းပါ။ ဒီဓာတ်ခွဲခန်းကို တီထွင်ခဲ့သူတွေကတော့ တရုတ်နိုင်ငံ Shanghai NrdKU Fudan University Instute of Bio-medical Sciences က ဆေးသိပ္ပံပညာရှင်တွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ ကုန်ကျမှု USD 1ဒေါ်လာခန့်သာရှိတဲ့ ၁၀ မိနစ်အတွင်း အဖြေကိုသိနိုင်တဲ့ သွေးစစ်စမ်းသပ်မှုတစ်ခုကိုတီထွင်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ထိပ်က သွေးစက်ကို ဖောက်ပြီး စမ်းသပ်ရုံနှင့် ဒီလူမှာ Parasite ကပ်ပါး Infection တစ်မျိုးဖြစ်တဲ့ Crypto Sporidium ရောဂါမျိုးရှိမရှိ သိနိုင်တယ်လို့ ဆိုပါတယ်။ ဒီလိုသိနိုင်ခြင်းဖြင့် ဆေးကုသမှုအတွက်ပါ အမြန်ကုသမှုရယူနိုင်တဲ့အတွက် အလွန်အကျိုးရှိကြောင်း တင်ပြလိုက် ရပါတယ်။

ကိုယ်အလေးချိန် ပိုနေသူတွေ (overweight)၊ အဝလွန်နေသူ (obesity) ဖြစ်နေသူတွေနှင့် Body Weight လျှော့လိုသူတွေဟာ အစားအသောက်စားချင်စိတ်ကို လျှော့စေတဲ့ဆေးတွေနှင့် ကိုယ်အလေးချိန် ကျအောင် ကြိုးစားခဲ့ကြပါတယ်။ ဒီလို ကြိုးစားနေကြသူတွေအတွက် ကိုယ်အလေးချိန်လျှော့စေတဲ့ ဆေးအသစ်တစ်ခုအကြောင်း တင်ပြလိုပါတယ်။ ဒီဆေးကိုတော့ Imperial Collge London နှင့် University of Glasgow ကဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီဆေးကတော့ INULIN ဆိုတဲ့ အသီးအနှံတစ်မျိုးကရရှိတဲ့ Chemical တစ်မျိုးဖြစ်ပါတယ်။ သူတို့အဆိုအရ သာမန်အတိုင်း လူတွေရဲ့ အူသိမ်မှာရှိနေတဲ့ Propionate ဆိုတဲ့ Chemical တစ်မျိုးဟာ အူအိမ်ထဲက Bacteria တွေကြောင့် ဟိုမုန်း တစ်ခုကိုဖြစ်စေပြီး ဒီဟိုမုန်းဟာ စားချင်စိတ်ကို ဟန့်တားစေနိုင်တယ်လို့ဆိုပါတယ်။ သူတို့တွေ့ရှိတဲ့ Inulin ဆေး သူတို့အခေါ် (IPE) Chemical on

ခေတ်မီတိုးတက်လာတဲ့ ဆေးပညာလောကမှာ Stem Cells, DNA Mapping စတဲ့ အရေးကြီးတဲ့ Gene နှင့်ပတ်သက်တဲ့ ကိုယ်ခန္ဓာက အရေးကြီးတဲ့အရာတွေကို သိုလှောင်ထားတဲ့ကိစ္စတွေလဲ ပေါ်လာပါတယ်။ ဒီလိုပေါ်လာတဲ့အတိုင်း စပေါ်ခဲ့တာ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်ကနေ ယနေ့ထိ USD 3 Billion ခန့်ဝင်ငွေရရှိခဲ့တယ်လို့ဆိုပါတယ်။ အထဲက Google ကုမ္ပဏီဟာ ဒီလိုသိုလှောင်ထားတဲ့ ကုမ္ပဏီတွေထဲမှာ နာမည်ကြီး ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ Google Genomic လို့ အမည်ပေးထားတဲ့ ဒီလုပ်ငန်း ကို ၂၀၁၄ ခုနှစ်ကစပြီး အသစ်တီထွင်ပြီး Service of DNA Information အလုပ်ကိုစတင်ခဲ့ပါတယ်။ ဒီအတွက် တစ်ဦးကို USD 25 ဒေါ်လာကိုတစ်နှစ်အတွက် ထိန်းသိမ်းခယူထားတယ်လို့ သိရပါတယ်။ ယခုအသစ် တီထွင်လိုက်တဲ့ Genone Mapping ကို Cloud Technology နှင့်ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒီလိုစုပေါင်းထားတဲ့ Gene အမျိုးမျိုးကိုလေ့လာပြီး ကင်ဆာရောဂါရှာဖွေရေး၊ ကုသရေး၊ ဆေး ရွေးချယ် ရေးတို့မှာ အထောက်အကူပြုလိမ့်မယ်လို့ဆိုထားကြောင်း တင်ပြလိုက်ရပါတယ်။





## တီဘီရောဂါရှာဖွေရေးနယ်လှည့်အခမဲ့ကွင်းဆင်းဆောင်ရွက်

**မိုးကောင်း နိုဝင်ဘာ ၂**

ကချင်ပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် မိုးကောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် ကျေးလက်ကျန်းမာရေးဝန်းထမ်းများနှင့် ပူးပေါင်း၍ တီဘီရောဂါ နယ်လှည့်အခမဲ့ကွင်းဆင်းရှာဖွေကုသခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက သိုက်ဝါးကုန်းကျေးရွာဓမ္မမာမကဘုန်းကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါဆောင်ရွက်ရာတွင် ဓာတ်မှန်အခမဲ့ ရိုက်ကူးပေးခြင်း၊ တီဘီရောဂါပိုး သလိပ်စစ်ဆေးခြင်း၊ အထွေထွေရောဂါများကုသပေးခြင်းများ ဆောင်ရွက်သည်။ ဆက်လက်၍ ကညင်မြိုင်၊ နန့်ဟိုင်၊ ကံလှနှင့် မရမ်းကျေးရွာသို့ ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါဆောင်ရွက်ခြင်းသည် ၂၀၁၆ ခုနှစ်၏ မြို့နယ်အတွင်း ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## မူးယစ်ဆေးသုံးစွဲသူများအား ဆေးကုသပေးရေးညှိနှိုင်း

**သံဖြူဇရပ် နိုဝင်ဘာ ၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်များသည် အောက်တိုဘာ ၃၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ လျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဖြတ်သူများအား ကုသပေးမည့် လုပ်ငန်းအစီအစဉ် ဆွေးနွေးပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက ဆွေးနွေးပွဲ ရည်ရွယ်ချက်အား ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်းက နိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြီးထွားနေမှုအခြေအနေများနှင့် တားဆီးအရေးယူရေးဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မူးယစ်/စိတ်ပြောင်းဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၁) အရ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို လုပ်ဆောင်ပေးကြရန်နှင့် မူးယစ်ဆေးစွဲသူများ ပြုစုကုသရေးလုပ်ငန်းအစဉ်များကို ပြောကြားခဲ့သည်။

ယင်းနောက် မူးယစ်/စိတ်ပြောင်း ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများမှ မူးယစ်ဆေးသုံးစွဲသူများ ဆေးဖြတ်ကုသသောကာယကံရှင်များအား ဥပဒေအရ အကာအကွယ်ပေးနိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# စိနတိုင်းရဲ့ (၂၁) ရာစုရေကြောင်းပိုးလမ်းမကြီးအတွင်း မဟာခရီးရှည် ချီတက်လေ့လာခြင်း

ခင်မောင်ထွေး

ဂန္ဓာလရာဇ် စိနတိုင်းရဲ့ မဟာဦးသျှောင်ခေါင်းဆောင်ကြီးများ လတ်တလော အထူးအာရုံစိုက်နေတဲ့ "One Belt And One Road " မဟာဗျူဟာစီမံချက်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ "(၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီး ပူးတွဲတည်ဆောက်ရေး" (21st Century Maritime Silk Road)ခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများမှ သတင်းမီဒီယာသမားတွေဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်အထိ ကိုးရက်တိုင်တိုင် စိနတိုင်းတစ်ခွင် မဟာခရီးရှည်ချီတက်ရင်း လေ့လာခွင့်ရခဲ့ပါတယ်။

ဒီခရီးစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ASEAN-China Center (ACC) နဲ့ China Report Magazine တို့ရဲ့စီစဉ်ပေးမှုနဲ့ စိနတိုင်းရဲ့ ကျန်းစူးပြည်နယ်နဲ့ ယူနန်ပြည်နယ်အတွင်းရှိ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေ၊ ယဉ်ကျေးမှုနှင့် ခရီးသွားနယ်မြေတစ်ခွင် ပြပြစင်အောင် ရှာရိုးကိုးပေါက်မကျန် စူးစမ်းလေ့လာခဲ့ပါတယ်။

ခရီးစဉ်အတွင်းမှာ ကျွန်တော်ဟာ တရုတ်ဘာသာနဲ့ မူရင်းစာအုပ်ကို ရှုချွန်းတောင် စီစဉ်တည်းဖြတ်ပြီး ရဲဘော်မိုးဦး ဘာသာပြန်ရေးသားတဲ့ "တရုတ်ကွန်မြူနစ်ပါတီ ဘာကြောင့် စွမ်းဆောင်နိုင်ခဲ့တာလဲ (သမိုင်းကိုခြေရာကောက်ကြည့်ခြင်း)" စာအုပ်ကို ညပိုင်းမှာ ဖတ်လိုက်၊ နေ့ပိုင်းမှာမြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေကို လေ့လာကြည့်ရှုလိုက်နဲ့ စိနတိုင်းရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို နှိုင်းယှဉ်လေ့လာခွင့်ရခဲ့လို့ ကျေနပ်ခဲ့ရပါတယ်။

စိနတိုင်းရဲ့ စူကျိုး (Suzhou)၊ ဝူရှီ (Wuxi)၊ နန်းကျင်း (Nanjing)၊ ကူမင်း (Kunnig)၊ ကျူကျင်း(Qujing)၊ ဒယ်ဟောင်(Dehong)နဲ့ ရွှေလီ (Ruili) မြို့တွေကို အနီးကပ်လေ့လာကြည့်မိတော့ စိနတိုင်းရဲ့မြို့ပြနဲ့ ကျေးလက်မြင်ကွင်းဟာ ဆူကြုံနိမ့်မြင့်ကွာဟမှုမရှိသလောက် ဖွံ့ဖြိုးတိုးတက်နေတာ မြင်ခဲ့ရပါတယ်။ ဝတ်ကောင်းစားလှတွေဝတ်ဆင်ပြီး ပျော်ရွှင်ချမ်းမြေ့နေတဲ့ တရုတ်ပြည်သူတွေကိုလည်း တွေ့မြင်ရပြန်ပါတယ်။ မြို့ပြနဲ့ ကျေးလက်တွေဆိုရင်လည်း မြို့တွင်း၊ မြို့ပြင် ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ လက်ယှက်ထိုးဆက်သွယ်ထားတဲ့ မိုးပျံတံတားကြီးများ၊ ၂၄ ထပ်နဲ့အထက် လူနေအိမ်ရာများ၊ 'Venice of the East'၊ တရုတ်ပြည်ရဲ့ ပန်းမြို့တော်လို့ဆိုကြတဲ့ စူကျိုး (Suzhou)၊ သစ်တောမြို့လို့ တင်စားခံရတဲ့ ဝူရှီ (Wuxi) စိနတိုင်းရဲ့ ဒုတိယပန်းမြို့တော်လို့ဆိုကြတဲ့ ကူမင်းမြို့တို့ဟာ နာမည်နဲ့ လိုက်ဖက်အောင် သစ်ပင်ပန်းမန်အလှတို့နဲ့ ဖူးပွင့်ဝေဆာလှပနေတာ တွေ့ရပါတယ်။

အတိတ်က စီးပွားရေးတည်ဆောက်မှုကို လျစ်လျူခဲ့မှုအပြင် ခုန်ပျံကျော်လွှား စီးပွားရေးစနစ်နဲ့ မဟာယဉ်ကျေးမှုတော်လှန်ရေးက လွတ်မြောက်ခဲ့ပြီးနောက်ပိုင်း "ကျွန်တော်တို့ သိပ်ဆင်းရဲလှပါတယ်။ သိပ်ခေတ်နောက်ကျလှပါတယ်။ ဟုတ်တိုင်းမှန်ရာကို ရိုးရိုးသားသား ပြောရမယ်ဆိုရင် ပြည်သူလူထုကြီးကို အားနာလှပါတယ်" လို့ တိန့်ရှောင်ဖိန်က ၁၉၇၇ ခုနှစ် တတိယအကြိမ် ပြန်လည်ပေါ်ထွက်လာချိန်မှာ ရင်တွင်းလှိုက်ဆူ ပြောဆိုခဲ့ပြီးနောက် ၁၉၇၈ ခုနှစ် တရုတ်ပြည် ကွန်မြူနစ်ပါတီ (၁၁) ကြိမ်မြောက် ဗဟိုကော်မတီ တတိယစုံညီ အစည်းအဝေးအတွင်း ရေးဆွဲခဲ့တဲ့ အခြေခံနိုင်ငံတော်ဝါဒ ပေါ်လစီတစ်ခုဖြစ်တဲ့ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးကအစပြုပြီး စိနတိုင်းရဲ့ နိုင်ငံ့ဦးသျှောင် အဆက်ဆက် ကြိုးပမ်းတည်ဆောက်ခဲ့တဲ့ အသီးအပွင့်တွေပဲလို့ ဆိုရမှာဖြစ်ကြောင်းပါ။

ဒါပေမယ့် တရုတ်နဂါးကြီးဟာ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအပေါ် ကျေနပ်ရောင့်ရဲမနေဘဲ အနာဂတ်အတွက် မဟာခရီးရှည်ချီတက်မှုကြီးတစ်ခုကို ဆက်လက်လျှောက်လှမ်းဖို့ ကနဦး ခြေလှမ်းတွေ စတင်ပြင်ဆင်ဆောင်ရွက်နေတာကိုလည်း ကြားသိတွေ့မြင်ရပြန်ပါတယ်။

အဲဒါကတော့ ပစ္စက္ခစိနတိုင်းရဲ့ နိုင်ငံ့ဦးသျှောင် မစ္စတာရှီကျင့်ဖျင်ရဲ့ "ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနဲ့ (၂၁) ရာစုရေကြောင်း ပိုးလမ်းမကြီးကို အတိုချုံးခေါ်ဆိုထားတဲ့ 'One Belt And One Road' "မဟာစီမံချက်"ပဲ ဖြစ်ပါတယ်။ အဲဒီမဟာစီမံချက်ကို အကောင်အထည်ဖော်ဖို့ ၂၀၁၃ ခုနှစ် စက်တင်ဘာလနဲ့ အောက်တိုဘာလတို့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။

တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်ကလည်း ၂၀၁၃ ခုနှစ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်စဉ် အာဆီယံနိုင်ငံတွေကို ဦးတည်တဲ့ ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးကို ခင်းကျင်းပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမယ့် မဟာဗျူဟာကို တည်ဆောက်ဖို့ အလေးထားပြောကြားခဲ့ပါတယ်။

ထို့ပြင် " One Belt And One Road စီမံချက်ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟာ စီမံချက်ဖြတ်သန်းရာ နိုင်ငံတွေရဲ့ စီးပွားရေးစည်ပင်ဝပြောမှုနဲ့ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေကြောင်း၊ မတူညီသော ယဉ်ကျေးမှုတွေကို ဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူတွေကိုအကျိုးဖြစ်ထွန်းစေမယ့် မြင့်မြတ်တဲ့လုပ်ငန်းကြီးဖြစ်ပါကြောင်း" ဆိုခဲ့ပြန်ပါတယ်။

အလားတူ ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အာရှ Boao Forum ဖွင့်ပွဲမှာ "တူညီသော ကံကြမ္မာကို ဦးတည်ကာ အာရှတိုက် အနာဂတ်သစ်ကို တည်ဆောက်မည်" ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားစဉ် ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနဲ့ (၂၁) ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးစီမံချက်ဟာ အတူညှိနှိုင်း၊ အတူတည်ဆောက်၊ အတူအကျိုးမျှဝေမယ့် မူဝါဒလို့ အလေးအနက်ပြောကြားခဲ့ပြန်ပါတယ်။

မစ္စတာရှီကျင့်ဖျင် က " One Belt And One Road" ဟာ ပိတ်ဆို့ထားခြင်းမရှိဘဲ အားလုံးပါဝင်နိုင်ကြောင်း၊ တရုတ်နိုင်ငံတစ်ခုတည်းအတွက်မဟုတ်ဘဲ စီမံချက်ဖြတ်သန်းရာ နိုင်ငံတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်ကြောင်း၊ အပြောတစ်ခုတည်းမဟုတ်ဘဲ လက်တွေ့လုပ်ငန်းကြီးဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်ပြည့်စုံစွာဖော်ပြခဲ့ပြီး တရုတ်နိုင်ငံရဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မယ့် သဘောတရားသစ်၊ အတွေးအခေါ်သစ်တွေကို ဖွင့်ဟသွားခဲ့ပြန်ပါတယ်။

"One Belt And One Road" ဟာ ယူရေးရှား


နန်ကျင်းမြို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို သဟဇာတရှိရှိထိန်းသိမ်းထားမှုအား တွေ့ရစဉ်။


ကျူကျင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့ရစဉ်။

(ဥရောပ-အာရှ)နဲ့ အာဖရိက တစ်လွှားမှနိုင်ငံတွေနဲ့ ချိတ်ဆက်ပြီး အဆိုပါနိုင်ငံတွေရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို ရင်းနှီးမြှုပ်နှံပေးမယ့် စိနတိုင်းရဲ့ ရည်မှန်းချက်အကြီးဆုံး မဟာစီမံချက်လည်း ဖြစ်ပါတယ်။

ဒီမဟာစီမံချက်ထဲမှာ တောင်အာရှရှိ နိုင်ငံတို့နဲ့ စီးပွားရေးပူးပေါင်းရာမှာ ပိုမိုအကျိုးဖြစ်ထွန်းစေပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ (BCIM Economic Corridor) စီမံချက်လည်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံဟာ (၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီးနဲ့ ကုန်းတွင်းပိုးလမ်းမ စီးပွားရေးလမ်းကြောင်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ "BCIM Economic Corridor" တည်ဆောက်ရေးပိုင်းမှာ ပထဝီအနေအထား အားသာချက်နဲ့ ထူးခြားသော အရေးပါမှုရှိတာကြောင့် စီမံချက်ကို တရုတ်နိုင်ငံက ထိရောက်စွာလက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ မျှော်မှန်းလျက်ရှိကြောင်းလည်း သိရပါတယ်။

ဆရာကျော်ဝင်းကတော့ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့ထုတ် VOICE သတင်းစာမှာ "ဒရဂိုနောမစ်ရဲ့ ၂၁ ရာစု ပိုးလမ်းမ" ခေါင်းစဉ်နဲ့ "တရုတ်ပြည်၏ အဆိုအရ စီမံကိန်း၏ ရည်မှန်းချက်မှာအကြောင်းကြောင်းကြောင့် အခြေခံအဆောက်အုံ မတည်ဆောက်နိုင်သော နိုင်ငံများအတွက် ကူညီတည်ဆောက်ပေးပြီး ချမ်းသာကြွယ်ဝမှုများ မျှဝေရန်ဟုဆိုပါသည်။ တရားဝင်ထုတ်ဖော်ကြေညာခြင်းမရှိသည့် အခြားရည်ရွယ်ချက်များလည်း ရှိနိုင်ပါသည်။ တရုတ်ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ရှာပေးသည်မျိုးဖြစ်နိုင်သလို၊ ကျရိပ်ပြနေသော တရုတ်စီးပွားရေးကို ကယ်တင်ရန်လည်းဖြစ်နိုင်သည်။ ထို့ထက် စီးပွားရေး ရည်မှန်းချက်သာမက နိုင်ငံရေးရည်မှန်းချက်ပါ ပါကောင်းနိုင်သည်ဟု အကဲဖြတ်ကြသည်များလည်း ရှိပါသည်"လို့ သုံးသပ်ရေးသားခဲ့ပါတယ်။

မည်သို့ဆိုစေ မစ္စတာရှီကျင့်ဖျင်ရဲ့ "One Belt And One Road" မဟာစီမံချက်ဟာ "ကြောင်ဖြူဖြစ်ဖြစ်၊ ကြောင်မည်းဖြစ်ဖြစ် ကြွက်ဖမ်းမိတယ်ဆိုရင် ကြောင်ကောင်းပါပဲ" ဆိုတဲ့ တစ်ချိန်က စိနတိုင်းရဲ့ ပြုပြင်ပြောင်းလဲရေး ဗိသုကာ မစ္စတာတိန့်ရှောင်ဖိန်ရဲ့ ကျော်ကြားလှတဲ့ "ကြောင်ဖြူ ကြောင်မည်း" သဘောတရားသို့နှယ် အထူးကျော်ကြားခဲ့ပြီး နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုကို ချက်ချင်းရရှိခဲ့ပါတယ်။ လက်ရှိမှာ "One Belt And One Road" စီမံချက်ကို နိုင်ငံပေါင်း ၆၀ ရဲ့အားပေးမှုတွေရရှိထားကြောင်းလည်း လေ့လာသိရှိရပါတယ်။

(၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီး ပူးတွဲတည်ဆောက်ရေး ခေါင်းစဉ်နဲ့ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှ သတင်းမီဒီယာသမားတွေရဲ့ လေ့လာရေး ခရီးစဉ်ကတော့ တရုတ်-မြန်မာ နယ်စပ် ရွှေလီမြို့မှာ အဆုံးသတ်ခဲ့ပါတယ်။

လေ့လာရေးခရီးစဉ်အတွင်းမှာ " One Belt And One Road" စီမံချက်အတွင်း အရေးပါတဲ့ စိနတိုင်းရဲ့ ကျန်းစူးပြည်နယ်နဲ့ ယူနန်ပြည်နယ်အတွင်းရှိ ကျေးလက်နဲ့မြို့ပြတွေအပြင် တရုတ်ကုမ္ပဏီကြီးတွေကိုပါ လေ့လာခွင့်ရခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ဒေသ ရွှေလီမြို့မှာ ခရီးစဉ်ပြီးဆုံးခဲ့တဲ့အတွက် စိနတိုင်းရဲ့ဒေသခံ မီဒီယာတွေက မြန်မာမီဒီယာသမားတစ်ဦးဖြစ်တဲ့ ကျွန်တော့်ကို အထူးစိတ်ဝင်စားခဲ့ကြပါတယ်။ သို့မို့ကြောင့် ညပိုင်းမှာ မြန်မာစကားပြန်တစ်ဦးနဲ့အတူ ကျွန်တော်တည်းခိုရာ ဟိုတယ်မှာ တွေ့ဆုံမေးမြန်းခွင့်ပေးဖို့ မေတ္တာရပ်ခံခဲ့ကြပါတယ်။

တွေ့ဆုံမေးမြန်းစဉ်အတွင်းမှာ မြန်မာ-တရုတ် ဆက်ဆံရေးနဲ့ပတ်သက်ပြီး "မိတ်ဆွေကောင်းကို ရွေးချယ်လို့ရပေမယ့် အိမ်နီးချင်းကတော့ ရွေးချယ်လို့ မရဘူးဆိုတဲ့ စကားအတိုင်း မြန်မာ-တရုတ် ဆက်ဆံရေးဟာ ရှေးအစဉ်အဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်နဲ့အညီ လက်ရှိနိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အစိုးရသစ်လက်ထက်မှာလည်း မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် ဆက်လက်တည်ရှိလျက်ရှိကြောင်း" ကျွန်တော့်အမြင်ကို ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုအပိုင်းနဲ့ပတ်သက်တဲ့ မေးခွန်းကိုတော့ "ယခင်က တရုတ် ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံဈေးကွက်မှာ ဈေးကွက်အားသာချက် အထူးရရှိခဲ့သော်လည်း လက်ရှိအစိုးရသစ်လက်ထက်တွင်မူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကြောင့် အမေရိကန်၊ ဂျပန်နဲ့ဥရောပ စတဲ့နိုင်ငံတွေက မြန်မာနိုင်ငံကို အာရှရဲ့နောက်ဆုံးဈေးကွက်သစ်အဖြစ် အထူးစိတ်ဝင်စားနေကြတဲ့အတွက် ပိုပြီးယှဉ်ပြိုင်ရဖွယ်ရှိကြောင်း၊ တရုတ်ကုမ္ပဏီတွေအနေနဲ့ အနာဂတ်မှာ ပိုပြီး Powerful ဖြစ်ဖို့ ယခင်ကထက် ပိုပြီးတာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လိုအပ်ကြောင်း" လို့ ကျွန်တော့်အမြင်နဲ့ ဖြေကြားခဲ့ပါတယ်။

အောက်တိုဘာ ၂၈ ရက်နေ့ နံနက်ပိုင်းမှာတော့ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကတစ်ဆင့် CHINA EASTERN လေကြောင်းလိုင်းနဲ့ ကျွန်တော့်ရဲ့အိမ်ပြန်ခရီးကို စတင်ခဲ့ပါတယ်။အမိ မြန်မာနိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်း ဝင်ရောက်လာတာနဲ့အမျှ ပျော်ရွှင်ချမ်းမြေ့မှုက ပို၍ပို၍ တိုးလာပါတယ်။ လေယာဉ်ပေါ်မှတစ်ဆင့် မြန်မာ့ရှုခင်းများကို ငေးကြည့်ရင်း တရုတ်မီဒီယာသမားတစ်ဦးရဲ့ "ရွှေလီမြို့ကို လေ့လာတော့ ဘယ်လိုမြင်ပါသလဲ"ဟူသည့် မေးခွန်းနဲ့ "ဘယ်လိုမြင်သလဲဆိုတော့ တရုတ်နိုင်ငံရဲ့ ကျေးလက်မြို့ပြမကျန် ဖွံ့ဖြိုးတိုးတက်မှုကို မြင်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို ကျွန်တော်တို့ အများကြီး ကြိုးစားရဦးမယ်လို့ မြင်တယ်"ဆိုတဲ့ ကျွန်တော့်အဖြေတို့ကိုလည်း ပြန်လည်ကြားယောင်နေမိပါတယ်။ ။

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာနှင့်နိုဝင်ဘာလတွင် စရံငွေ (၂)သိန်း စာရင်းပေးသွင်းသူများနှင့်
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကိုအောက်ပါ အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။

၉.၅ သိန်း → ၈ ရက်ခရီး-သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန(အိန္ဒိယ + နီပေါ) Hotel-2Days
၁၀ သိန်း → ၁၂ ရက်ခရီး-သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန(အိန္ဒိယ + နီပေါ) Hotel-3Days
၁၁ သိန်း → ၁၅ ရက်ခရီး-သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel-5Days
၁၁.၅ သိန်း → ၁၅ ရက်ခရီး-သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ + (ကိုလ်ကတ္တား + Shopping + သိပ္ပံကမ္ဘာ + ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days

(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ဖြစ်ပါသည်။)

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



# အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100



သုံးရောင်ခြည် ဝပ္ပဒါန်

AirCom: Express
420144148, 421153797



ကိုညာက် KO NYAN
Car Rental & Travel Service

Model မြင့်ကားသစ် ...
09-5078440, 01-551649, 01-209183


# (၃၁)နှစ်ပြည့်မင်္ဂလာရက်မြတ်ဆုတောင်း

တုန္နိုင်းမရသောမိဘမေတ္တာအား ပေးရှံသာမက သား၊ သမီး၊ မြေးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ကျေးဇူးရှင် cpfazaz0Du ifkef (အငယ်တန်းအင်ဂျင်နီယာ၊ မြို့ပြ၊ လမ်းဦးစီးဌာန၊ မြောင်းမြ) - cpfarar a'E , E , at ;တို့၏ ၃-၁၁-၂၀၁၆(ကြာသပတေးနေ့)တွင် ကျရောက်သော (၃၁)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် ပတ္တမြားရတု၊ နီလာရတု၊ ရွှေရတု၊ စိန်ရတု စသော ရတုများစွာတိုင်အောင် သစ္စာခိုင်မြဲစွာဖြင့် လက်တွဲနိုင်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့မှုများစွာဖြင့် ဘာသာသာသနာ အကျိုးကို အသက်ထက်ဆုံးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

om;uD ကိုကျော်ဇေလင်း
B.A(Eng;) ADICT
Dip in (ICT,SE,NE),
ဝင်းသပြေ(ကွန်ပျူတာ၊ မြောင်းမြ)

orD- မမေပွင့်ဖြူဝင်းနိုင်(ခ)ချစ်စု
B.A.(Eng;)

om;i , f ကိုရဲရင့်အောင်
B.A (Myan;)
SSY Car Rental

cpfajr;rsm; -ra&Tdv ifra[ oDif


# Yuri Japanese Language School

| Starting Date | Class | Time | Month | Fees |
|---|---|---|---|---|
| 8-11-2016 | N5 Basic Special Class | 5:30~7:30 (Mon~Thu) | 3.5 (months) | 80,000 Kyats |
| 30-11-2016 | N4 Intermediate Special Class | 10:00~12:00 (Mon~Thu) | 3.5 (months) | 80,000 Kyats |
| 5-12-2016 | N3 Pre advanced | 5:30~7:30 (Mon~Tue~Wed) | 6 (months) | 100,000 Kyats |
| 5-11-2016 | N5 Sat + Sun Class | 1:00~3:00 (Sat+Sun) | 4.5 (months) | 80,000 Kyats |
| 6-11-2016 | N4 Sunday Only Class | 10:00~1:00 (Sun) | 4.5 (months) | 80,000 Kyats |

၂၀၁၇ ဧပြီလ July Intake ဂျပန်နိုင်ငံ Tokyo မြို့ရှိကျောင်းများသို့ကျောင်းတက်ရင်းအလုပ်လုပ်ရန် လျှောက်ထားနိုင်ပါပြီ။ Oct 24,2016 မှ Jan 31,2017 အထိလက်ခံနေပါပြီ။ လူဦးရေကန့်သတ်ထားပြီး ပထမလျှောက်ထားသူ(၁၅)ဦး အားယန်း(၂)သောင်း (Discount) ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၉-၄၂၀၀၀၇၉၄၉၊ ၀၉-၄၂၀၀၅၅၈၈၀



# ရောင်ခြည်ထိပ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
Ph:09-450454771
09-450454772
09-450454773



# ကံ့ကော်ရိပ်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်
အဋ္ဌမတန်း Grade 8
ကြိုတင်လေ့ကျင့်ရန်
မေးခွန်း (၅) စုံနှင့် စံပြအဖြေများ

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

ထပ်မံလေ့ကျင့်ရန်
အခန်းလိုက်မေးခွန်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်
ဘာသာစုံ ၃၀၀၀ ကျပ်
သင်ကြားရေး သင်ထောက်ကူမေးခွန်းနှင့်အဖြေများ
ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။



# Myanmar Technology CCTV

နေ့ညကြည်လင်ပြတ်သားစွာမြင်နိုင်သော အဆင့်မြင့် HD Camera များကို အထူးလျှော့ဈေးနှုန်းများဖြင့် မြန်မာပြည်အနှံ့ လိုက်လံရောင်းချတပ်ဆင်ပေးနေပါပြီ။



1 years warranty
1MP 2MP
4CH, 8CH, 16CH, 24CH, 32CH
အင်တာနက်မှ ဖုန်းဖြင့်တိုက်ရိုက်ကြည့်ရှုနိုင်ပါသည်။
09-777188024, 09-777188025, 09 253895209



# မန္တလာသား

အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
ရန်ကုန်မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166



# "အိမ်ငှားနေမည့်အစား အဆင်သင့်အိမ်ဝယ်ယူပိုင်ဆိုင်နိုင်မည့်အထူးအခွင့်အရေး"




နဝဒေးဥယျာဉ်အိမ်ရာနှင့်ရွှေကမ်းသာယာအိမ်ရာ





ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


rl , pf qef Ysif atmif jrif ;

## "ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက် **အမိန့်ကြော်ငြာစာအမှတ် – ၇၆၂** ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် **ဦးချစ်ကိုကို**၊ လိုင်စင်အမှတ်–၂၈၀၃၊ တရားလွှတ်တော်ရှေ့နေအား နိုတြီပဗ္ဗလစ် (Notary Public) အဖြစ် ခန့်အပ်ခြင်း ခံရကြောင်း သတင်းကောင်းသိရှိရ၍ အ.ထ.က (၄) အလုံ ကျောင်းသား/သူ ဟောင်းအသင်း (ယခင်ကူရှင်ကျောင်း) ၏ ဒုတိယဥက္ကဋ္ဌ (၁) ဖြစ်သူ **ဦးချစ်ကိုကို** အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့များ
အ.ထ.က (၄) အလုံ ကျောင်းသား/သူ ဟောင်းအသင်း
(ယခင်ကူရှင်ကျောင်း)

E.F.R Seconda Casa
Beach Resort (Ngwe Saung)
တန်ဆောင်တိုင်
အခါသမယတွင် ရွှင်လန်းချမ်းမြေ့ ကြပါစေကြောင်း
E.F.R Seconda Casa မိသားစုမှ
ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။
Hot Line: (Yangon) : 09-73088441, 09-977285993, 09-977286287.
(Ngwe Saung): 042-40398, 09-977286285, 09-977890106,09-977890091.

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ Nov - 5 (Sat) မှစ၍ ခုံနံပါတ်ယူနိုင်ပြီ။ Dec - 17 (Sat) စမည်။
LCCI (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ - 09 -776349905, 978578325, 01-371741, 240824

KKL Car Rental
ကားမျိုးစုံဝင်းသုံးငှားရမ်းပေးနေပါ
Ph:09-5001347,
09-421070845

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံနေ့စဥ်အချိန်ပိုင်းငှားသည်။
ယာဥ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ကား မျိုးစုံ
(Alphard/Crown/MarkII/...
Ph : 09795549249, 095418126

ရွှေပုလ္လင်
ရှိုးရှိုးလေး...
မွှေးမွှေးလေး...
အရသာရှိရှိလေး...
အကောင်းစားထောပတ်ကိုအသုံးပြုထားတဲ့
ရွှေပုလ္လင် ကိတ်နဲ့ ဝါကျွတ်ကန်တော့ကြရအောင်!



Unitex -100,150,220,250
Orient -200,250,300,350
Premier -250,350,400
ICI -350,450,700
Nippon -400,500,750
www.myanmarpaintgroup.com
09-799901512, 09-73174830,
09-5131799

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဥ်ပေးသည်။
09-450042704
09-250095116
09-420096296

ရွှေဆိုတာ မရိုးမြဲတာ ရှိတန်ဆာ...
စိန်ရွှေရတနာဆိုင်
သီတင်းကျွတ်မှာ ရွှေဝယ်ရင်း
လက်ဆောင်ပစ္စည်းများ ရယူကြပါစို့။
တစ်ကျပ်ပြား ငါးမူးပြား
တန်ဆောင်တိုင်လပြည့်နေ့ ဆိုင်ပိတ်ပါသည်၊
ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)
အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

umg college
PURSUE YOUR DREAM
BECOME REAL
JOIN UMG COLLEGE AND
BE THE TOP ENGINEER



ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း)နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှ ဖွင့်လှစ်သည့် HND (UK) သင်တန်းများ
- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။
UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး UK Bachelor Degree ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး
သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – (၀၁) ၂၁၅၆ ၇၀–၉ (လိုင်းခွဲ – ၂၁၃၊ ၂၁၉)
မိုဘိုင်း – ၀၉ ၉၇၇၀ ၁၅၁၁၆၊ ၀၉ ၉၇၇၀၁၅၂၁၂၂၊ ၀၉ ၂၅၆၄ ၅၀၀၅၉
HND edexcel Approved Centre
www.facebook.com/umgcollege
Website: www.umgcollege.com

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group
W.S.D Pile
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။





Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကြော်ငြာ


**– ကျိုက်ထီးရိုး/ချောင်းသာ**
(Hotel package) Nov 11,12 18,23,25
Ph: 01-392704, 09 73017110, 09 795066657, 09 785066657

ကိုညီညီအောင် **မြန်မာ့အလှ** ပုဂံ
၁။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် (၄)ရက်
၂။ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း (၄)ရက်
၃။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ရွှေယံတော်လေးဆွ)၊ မုန်ရွာ (၄)ရက်
၄။ ထားဝယ်ရှင်ကိုးရှင်နှင့် မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
09-450000574, 09-421029816, 09-261422965, 09-777446355

Travel (Nov-4, 11, 18, 25)
• တောင်ကြီး(မီးပုံးပျံပွဲ) အင်းလေး ပင်းတယ၊ ကလော မိန်းမရိုးတောင် (ကျွိုင်တော်)
• ပုပ္ပား ပုဂံ (ရွှေယံတော်လေးဆွ) • မန္တလေး ကျောက်စိမ်း မေမြို့ ဒီးဒုတ်ရေပြာတိုင်
• ကျိုက်ထီးရိုး မော်လမြိုင် ကျိုက္ခမီ စက်စဲ ကျိုက်ခေတ်ခွန် | ကျိုက်ထီးရိုး-ချောင်းသာနေ့စဉ်
• ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်
73193817, 254855582, 254855583, တာမွေအောင်မင်္ဂလာ KBZရှေ့

**အလင်းရောင်** Travel Services
ကျိုက်ထီးရိုး (နေ့စဉ်)/ ချောင်းသာ (နေ့စဉ်)
Package Nov-11,18,25
09-421061860, 09-421129597, 09-774400430

**တန်ဆောင်တိုင်ပိတ်ရက်** Nov11 ညထွက် Nov14 ညပြန် Nov23 ညထွက် Nov27 ညပြန်
– ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ 75000/-
– ဆီးဒီး ကန်ချေနာပူရိ(သီးသန့်)
မိသားစုတိုး ဘုရားဖူးလုပ်ငန်း

**FORWARD** (YGN) Travel & Tour Co., Ltd.
ချောင်းသာ နေ့တွဲ 12,000 Ks
၄.၁၁.၂၀၁၆ မှ ၁၈.၁၁.၂၀၁၆ အထိ ဖွင့်ပွဲအထူးအစီအစဉ်အနေဖြင့်
(၁၀) ဦးကျွင်း (၁) ဦးအခမဲ့
ကားမျိုးစုံ ငှားရမ်းပေးခြင်း ဝန်ဆောင်မှုပေးပါသည်။
အဆင့်မြင့်ကား ဖြင့် ... စီစဉ်ပေးပါသည်။ တင်ထွက်ခွာမည့်နေရာ – Junction အနီး
Ph : 09 259259180, 09 259259181, 09 259259182

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
01-503815, 09-333 777 82, 09-42 101 3085

**"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့**
ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅
* (၁၄)ညအိပ်(၁၅)ရက်၊ သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊
(Hotel-3-Night)(9.Dec) (25.Dec) (20.Jan)
(5.Feb) (22.Feb) (22.Mar) (12.Apr)
* Hotel.သီးသန့်၊ (၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်များ -
(25.Dec) (10.Mar)(11.Apr)
ရုံးချုပ်-အမှတ်၊ (8/H) ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်ဖုန်း-၀၉၇၉၅၀၁၂၄၇၀၊ ၀၉၅၀၁၂၄၇၀၊ ၀၉၇၃၂၄၁၆၈၇၊
၀၉၄၃၀၁၂၄၂၇၊ ၀၁-၂၃၀၅၉၂၈၊ ၀၂၇၆၀၂၄၊ ၀၉၄၄၄၄၀၃၀၂၇၀

**မစ္စတာမြန်မာ** ပြည်ပခရီးသွားဝန်ဆောင်မှုကုမ္ပဏီ Mr. Myanmar

| | | |
|---|---|---|
| ၆ရက် ထိုင်ဝမ် - 1250 USD (23 Nov, 27 Dec) | ၄ရက် စင်ကာပူ - 660 USD (11 Nov, 24 Nov, 24 Dec, 29 Dec) | ၁၀ရက် အမေရိကား - 4100 USD (26 Dec - 4 Jan) (East/West Coast) |
| ၈ရက် ထိုင်ဝမ် - 1450 USD (19 Nov, 27 Dec) | ၅ရက် မလေးရှား - 700 USD (10 Nov, 23 Nov, 24 Dec, 29 Dec) | ၁၀ရက် အင်္ဂလန် - 5100 USD (26 Dec - 4 Jan) |
| ၅ရက် ဟောင်ကောင် - 1300 USD (11 Nov, 24 Nov, 23 Dec, 29 Dec) | ၅ရက် ပီနန်-လန်ကာဝီ - 830 USD (22 Nov, 24 Dec, 29 Dec) | ၁၀ရက် ဥရောပ(၃) - 3490 USD (21 Nov, 24 Dec) |
| ၈ရက် ဟောင်ကောင် - 1670 USD (13 Nov, 27 Dec) | ၄ရက် ဗီယက်နမ် - 470 USD (11 Nov, 24 Nov, 24 Dec, 29 Dec) | ၉ရက် ဩစတြေးလျ - 3600 USD (12 Nov, 27 Dec) |
| ၇ရက် ထရုတ်ပြည် - 1290 USD (12 Nov, 20 Nov, 29 Dec) | ၅ရက် ဗီယက်နမ် - 650 USD (23 Nov, 28 Dec) (Saigon + Hanoi) | ၈ရက် ရုရှား - 2850 USD (19 Nov, 26 Dec) |
| ၈ရက် ဂျပန် - 2990 USD (12 Nov, 19 Nov, 26 Dec) | ၅ရက် ဘန်ကောက် - 500 USD (11 Nov, 23 Nov, 24 Dec, 28 Dec) | ၆ရက် ဒူဘိုင်း - 1600 USD (12 Nov, 24 Nov, 29 Dec) |
| ၅ရက် ကိုရီးယား - 1290 USD (11 Nov, 23 Nov, 28 Dec) | ၄ရက် ဖူးခက်ကမ်းခြေ - 740 USD (24 Nov, 24 Dec, 29 Dec) | ၈ရက် ဂရိ - 2990 USD (19 Nov, 26 Dec) |
| ၆ရက် ဘာလီကျွန်း - 1150 USD (10 Nov, 22 Nov, 28 Dec) | ၅ရက် ချင်းမိုင်-ချင်းရိုင် - 560 USD (10 Nov, 23 Nov, 24 Dec, 29 Dec) | ၁၀ရက် စပိန်-ပေါ်တူဂီ - 3500 USD (18 Nov, 26 Dec) |

TEL: 09972897722, 09972897733, 09799753144, 09799753155




**MIHARA**
– မြဝတီ–မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
– စင်းလုံးငှားဝန်ဆောင်မှု
( ၃ – ၃၄ ) ယောက်
Ph: 09-49218700, 09-5025400

**လမ်းမတန်းနေရာကောင်း ၂ထပ်တိုက်ရောင်းမည်**
အကျဖွင့်ရန်၊ ရုံးဖွင့်ရန်၊ ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် ကောင်းမွန်သည်။
မြောက်ဥက္ကလာပအပိုင်း၊ (ယ)ရပ်ကွက်၊ သုဓမ္မာလမ်းမပေါ်၊ ၂၀'x၆၀'
BN (၂)ထပ်၊ 1MBR၊ 1BR၊ ကြွေပြား၊ ပါကေးခင်း၊ ဂရန်အမည်ပေါက်
ဆက်သွယ်ရန် 09430 21001 သိန်း(၃၀၀၀)ညှိနှိုင်း



# အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
**ဂုဏ်ထူးဆောင် နာယက (မြိတ်အသင်း)**
**ဥက္ကဌ၊ မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**
**ဒေါ်ရွှကြူ (မြိတ်)**
**အသက်(၉၉)နှစ်**

၁၈-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ရွှကြူ မကွယ်လွန်မီ မေတ္တာဖြင့် နှစ်များစွာ စောင့်ရှောက်ကုသပေးခဲ့သော ဒေါက်တာ ဒေါ်နွယ်နွယ်(ပါမောက္ခ နှလုံးအထူးကု)၊ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်ကြီးများ၊ ယောဂီများနှင့် အမှုဆောင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတိုင်ပင်ခံဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မရှင်၊ ရွှေပုဇွန်မိသားစု၊ မြန်မာ့အရှေ့တိုင်းဘဏ်မိသားစု၊ Oriental Leasing Company Ltd.၊ မြိတ်မြို့နယ်အသင်း ဥက္ကဌနှင့် အမှုဆောင်များ၊ ယုဇနကုမ္ပဏီ၊ MEHSA ကျောင်းသူ/ကျောင်းသားများ၊ Pioneer Music Lounge အဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ သတင်းမေး၍ သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက် နှစ်သိမ့်အားပေး၍ သော်လည်းကောင်း၊ လွမ်းသူပန်းခွေ/ပန်းခြင်း၊ သက်န်းလှူဖွယ်ပစ္စည်းအမျိုးမျိုး ပေးပို့ကြသော ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ်**
**အသက်(၇၇)နှစ်**

ဒုဝါဦးမန်ရှန်ဒိန်ယိန်း (Chairman, Delco Ltd.)-ဒေါ်ဇရှီခေါ်ဝင်း (Director, Delco Ltd.) တို့၏မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Delco Ltd. ရန်ကုန်ရုံးချုပ်မှ ဝန်ထမ်းများ၊**
**Delco Ltd. ကံပေါက်စက်ရုံမှ ဝန်ထမ်းများ။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ်**
**အသက်(၇၇)နှစ်**

ဒုဝါဦးမန်ရှန်ဒိန်ယိန်း (Chairman, Delco Ltd.)-ဒေါ်ဇရှီခေါ်ဝင်း (Director, Delco Ltd.) တို့၏မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ချိန်ရိန်တောင်သတ္တုတွင်းကုမ္ပဏီလီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လု ထုဆမ်**
**အသက်(၇၇)နှစ်**
**(မြစ်ကြီးနား)**

ဒုဝါမန်ရှန်ဒိန်ယိန်း (Vice Chairman, United Diamond Motor Co., Ltd) (NISSAN) နှင့် ဒေါ်ခေါ်ဝင်းတို့၏မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ် (မြစ်ကြီးနား)သည် ၃၁-၁၀-၂၀၁၆(တနင်္လာနေ့) နံနက် ၄း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**Board of Director အဖွဲ့နှင့် ဝန်ထမ်းများ**
**United Diamond Motor Co., Ltd (NISSAN)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) BC-3560**
**မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**
**အသက်(၉၃)နှစ်**

၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့)တွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စ ရောက်ခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) မကျန်းမာစဉ်က အထူးဂရုစိုက်ကုသပေးခဲ့သော သမားတော်ကြီးများ၊ အာရှတော်ဝင်ဆေးရုံမှ တာဝန်ကျအထူးကုဆရာဝန်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ အားလုံးတို့အားလည်းကောင်း၊ ဈာပနကိစ္စအဝဝနှင့် နာရေးကို လိုက်လံပို့ဆောင်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် လွမ်းသူပန်ခြင်းပေးပို့သော တပည့်သားမြေး၊ မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းမေးအားပေး နှစ်သိမ့်ကြသော ရပ်နီးရပ်ဝေးမှ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးကြီး ကြည်ဟန်(ငြိမ်း) BC-3560**
**အသက်(၉၃)နှစ်**
**မော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**

ချစ်သူငယ်ချင်းဒေါ်လှရင်၏ ခင်ပွန်း ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း)သည် ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း**
**ဒေါ်ရင်မေ (ပြည်)၊ စမ်းချောင်း၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေး(တာပွန်၊ နတ်တလင်း)**
**အသက်(၉၁)နှစ်**

ပါမောက္ခဒေါက်တာမြင့်မြင့်စန်း (ပါမောက္ခ/ဌာနမှူး၊ သွားရောဂါဆေးပညာဌာန၊ သွားဘက်ဆိုင်ရာ၊ ဆေးတက္ကသိုလ်၊ ရန်ကုန်) 13th B.D.S (Ygn)၏ဖခင် ဦးအေး အသက်(၉၁)နှစ်သည် ၃၁-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**13th B.D.S (Ygn) မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လု ထုဆမ်**
**အသက်(၇၇)နှစ်**
**(မြစ်ကြီးနား)**

ဒုဝါမန်ရှန်ဒိန်ယိန်း (Managing Director, Panwa Resources Pte Ltd)နှင့် ဒေါ်ဇရှီခေါ်ဝင်း (Director, Panwa Resources Pte Ltd)တို့၏မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ် (မြစ်ကြီးနား)သည် ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**Panwa Resources Pte Ltd, Singapore Office**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လု ထုဆမ်**
**အသက်(၇၇)နှစ်**
**(မြစ်ကြီးနား)**

ဒုဝါမန်ရှန်ဒိန်ယိန်း (Chairman, DELCO Limited) နှင့် ဒေါ်ဇရှီခေါ်ဝင်း (Director,DELCO Limited) တို့၏ မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လု ထုဆမ်(မြစ်ကြီးနား)သည် ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**မြန်မာအထွင်ရှုအထိပ်(ပန်ဝါ)**
**သတ္တုတွင်းကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ခင်ယုဝေ (၅၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၄၉)နေ ဦးထင်ကျော် (ဦးစီးအရာရှိ-ငြိမ်း၊ အကောက်အခွန်)၏ဇနီး ဒေါ်ခင်ယုဝေသည် ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Super Mega Engineering Co., Ltd.မှ**
**မန်နေးဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်ကြည်(ခ)ဒေါ်မွှေး (၇၁)နှစ်**
**(ထားဝယ်-ရေဖြူ)**
**(ကုန်သွယ်ရေး)**

ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ်၊ ပန်းတောရွာနေ (ဦးဦးဖေ-ဒေါ်စီစီ)တို့၏သမီး၊ (ဦးဘကြွယ်-ဒေါ်ငွေမြိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်း(တောင်)၊ အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၂၇)၊ (၃/က)နေ ဦးအောင်ဆန်း (Director Myanmar Mann Co. Ltd)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်သင်း)-ဒေါ်တင်စိန်၊ (ဦးတင်အေး)-ဒေါ်ရီရီသင်းတို့၏ ညီမလေးသည် ၁-၁၁-၂၀၁၆ (အင်္ဂါနေ့)နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၆ (ကြာသပတေး နေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ပု(ဝက်ထီးကန်)**
**အသက်(၈၅)နှစ်**

ဒေါ်စန်းစန်းဝေ (ဦးစီးအရာရှိ-ငွေစာရင်း)၏ မိခင်ကြီး ဒေါ်ပု အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မွန်ပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒွမ်ဖောင်ဘန်လု ထုဆမ်**
**အသက်(၇၇)နှစ်**
**(မြစ်ကြီးနား)**

ဒုဝါမန်ရှန်ဒိန်ယိန်း (Chairman, DELCO Limited)နှင့် ဒေါ်ဇရှီခေါ်ဝင်း (Director,DELCO Limited) တို့၏မိခင်ကြီး ဒေါ်ဒွမ်ဖောင်ဘန်လုထုဆမ် (မြစ်ကြီးနား)သည် ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**Diamond Auto Services Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်စိုး (ကထိက-ငြိမ်း)**
**မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်**
**အသက်(၇၃)နှစ်**

ဆရာဦးမြင့်စိုးသည် ၂၈-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြား သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၁-၈၅ မြို့ပြအင်ဂျင်နီယာတပည့်ဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ခင်ယုဝေ**
**အသက် (၅၆)နှစ်**
**မြန်မာပြည် သုကကာရီ ရွှေတိဂုံ တံမြက်လှည်းအသင်းဝင်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၄၉)နေ ဦးထင်ကျော် (ဦးစီးအရာရှိငြိမ်း၊ အကောက်အခွန်)၏ ဇနီး၊ ဒေါ်ခင်ယုဝေသည် ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည် သုကကာရီ ရွှေတိဂုံ တံမြက်လှည်းအသင်း**

**0Dqd0aum(c)armuef12^uwu(E)001187»**
**oap&ef**

ဦးသန်းထွဋ်ဝင်း[၁၂/လမန(နိုင်)၁၃၃၀၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဖြိုးဝေကျော်(ခ)မော်ကွန်းအား အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဦးဖြိုးဝေကျော်(ခ)မော်ကွန်းသည် ၁၂-၈-၂၀၁၆ရက်စွဲပါ စာချုပ်အရ ဦးသန်းထွဋ်ဝင်းအား ငွေကျပ် (၁၄)သိန်းကိုပေးရန် တာဝန်ရှိပါသည်။

ဖော်ပြပါ နှစ်ဖက်သဘောတူညီချက်အရ ချုပ်ဆိုထားသော စာချုပ်ပါ စည်းကမ်းချက်များအတိုင်း သတ်မှတ်ထားသည့်ရက်များတွင် ဦးဖြိုးဝေကျော်(ခ)မော်ကွန်းက ပေးရန် တာဝန်ရှိသော ငွေများကို မပေးသွင်းဘဲ ပျက်ကွက်လျက်ရှိပါသည်။

သို့ပါ၍ ဦးဖြိုးဝေကျော်(ခ)မော်ကွန်းက မိမိပေးရန် တာဝန်ရှိသည့် ငွေကျပ် (၁၄)သိန်းကို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မပျက်မကွက် ပေးသွင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၈၈)**
**အမှတ်-၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# အင်းသားအမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ
## အင်းသားရိုးရာတွဲလှေ အစင်းပေါင်းလေးဆယ်ဖြင့် အလှပြသရုပ်ဖော်လှော်ခတ်



**ညောင်ရွှေ နိုဝင်ဘာ ၂**

ပထမအကြိမ် အင်းသားအမျိုးသားနေ့ကို ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ အင်းလေး ဖေါင်တော်ဦးဘုရားကုန်းတော်၌ အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးစိုးညွန့်လွင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်းမှ ဦးဂျင်မီတို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့၏ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

**စာမျက်နှာ ၅ ကော်လံ ၃ သို့**

ထောက်ပံ့အကူအညီပေးမှု ရပ်စဲခြင်း၊ ရွာများကို မီးရှို့ခြင်း အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ဟု မဟုတ်မမှန် စွပ်စွဲချက်များအပေါ် မှန်ကန်မှုမရှိကြောင်း နိုင်ငံတကာ အသိုက်အဝန်းသို့ ပြသ

စာမျက်နှာ - ၁၀

## ၂၄ နာရီအတွင်း ပိုမိုအားကောင်းသော မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းထားသည်။ **(ကြေးမုံ)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စာသင်ကျောင်းနှင့် ဈေးများ ပြန်လည်ဖွင့်လှစ်



**မောင်တော နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်စခန်းနှင့် နယ်မြေရုံးတို့ကို ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရပြီး လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရာ မောင်တောမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာမှ ပြည်သူများလည်း ထိတ်လန့်စိုးရိမ်မှုများဖြစ်ပေါ်ကာ ကျောင်းများ၊ ဈေးများ ပိတ်ထားခဲ့ရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## မြန်မာနှင့် အင်ဒိုနီးရှား နိုဝင်ဘာ ၄ ရက်တွင် ခြေစမ်းမည်

သတင်း စာမျက်နှာ - ၃



ဆုဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း။



